မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၃၄)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ၆-၁၁-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မြို့လုံးကျွတ် ရိုးရာမီးပဒေသာလှည့်လည်ပူဇော်ပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ စတင်ကျင်းပခဲ့ရာ တန်ဆောင်မုန်းလပြည့်နေ့(ည)တွင် မြို့လုံးကျွတ် ရိုးရာမီးပဒေသာအလှ လှည့်လည်ပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ လှည့်လည်ပူဇော်ပွဲ မကျင်းပမီ တောင်ကြီးမြို့ရှိ ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင် မြို့/ရွာများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် လူမှုရေးအသင်းအဖွဲ့များက ရိုးရာမီးပဒေသာပင်များနှင့်တကွ သတ်မှတ်စုရပ်နေရာဖြစ်သည့် ပြည်နယ်အားကစားကွင်း၌ စုပေါင်းရောက်ရှိခဲ့ကြပြီး တန်ဆောင်မုန်းလပြည့်ည ရိုးရာမီးပဒေသာအလှများ လှည့်လည်ပူဇော်ခြင်းကို စတင်ကျင်းပခဲ့ကြသည်။

ထိုသို့ လှည့်လည်ပူဇော်ရာတွင် မြန်မာ့ရိုးရာဆိုင်းဝိုင်း(ဗြော) အတီး၊ အဆို၊ အကအဖွဲ့၊ ဝင်းအဖွဲ့၊ မြန်မာ၊ ရှမ်း၊ ပအိုဝ်းအစရှိသည့် လုပျိုဖြူများအကအဖွဲ့၊ ရှမ်း/ပအိုဝ်းအိုးစည်းဗုံမောင်းအဖွဲ့များနှင့် ကိန္နရီကိန္နရာအကအဖွဲ့များနှင့်တောင်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရိုးရာအကအဖွဲ့တို့ ဦးဆောင်ကာ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့ မီးပွိုင့်လမ်းဆုံ လမ်းမကြီးအတိုင်းမှ စတင်စီတန်းလှည့်လည်ပူဇော်လာခဲ့ကြပြီးနောက် စုဋ္ဌာမုနိလောကချမ်းသာစေတီတော်မြတ်ကုန်းတော်ပေါ်အထိ မီးပဒေသာအလှအပမျိုးစုံ၊ တိုင်းရင်းသားရိုးရာအကပေါင်းစုံတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်စုပေါင်းလှည့်လည်ပူဇော်မှုပြုခဲ့ကြသည်။

မြန်မာမက၊ ကမ္ဘာကပါ အံ့သြရသည့် ရှမ်းပြည်နယ်၏ အထင်ကရ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရာတွင် မြို့လုံးကျွတ် ရိုးရာမီးပဒေသာ စုပေါင်းလှည့်လည်ပူဇော်ခြင်းကို နှစ်စဉ်နှစ်တိုင်းစည်ကားသိုက်မြိုက်စွာ ထည့်သွင်းဆင်ယင်ကျင်းပမြဲဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဧလ**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းတွင် စက်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပို့ချပေးခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ ထွက်ရှိလာတဲ့ ကုန်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်ကစတင်ပြီး ကျေးရွာ ၁၅၁ ရွာ၌ သင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင် ၆၉၇ ဦးနှင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၉၃ ရွာ၌ လုပ်ငန်းရှင် ၉၆၅ ဦးကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ လုပ်ငန်းသုံးပစ္စည်းများ ရင်းနှီးမတည်ဆောင်ရွက်ပေးခဲ့၍ နှစ်နှစ်တာကာလအတွင်း လုပ်ငန်းရှင်စုစုပေါင်း ၁၆၆၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၉၆ ရွာမှာ သင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင် ၉၈၀ ဦးကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့အထိဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ငန်းရှင်စုစုပေါင်း ၂၆၄၂ ဦးထိ ရှိလာပြီဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အဆိုပါဝင်ငွေတိုးစီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းဆင်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများ ရေရှည်အောင်မြင်ရေး၊ စဉ်ဆက်မပြတ် မိသားစုဝင်ငွေတိုးပွားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စက်ချုပ်နည်းပညာသင်တန်းမှ သင်တန်းဆင်း ၁၀ ဦးအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်း ငါးဦးအတွက် ဘတ္တရီအားသွင်းကိရိယာ၊ ဖိအားမြင့် ရေဖြန်းစက်၊ လက်သုံးကိရိယာအစုံ၊ T-Spanner အစုံ၊ သံလိုက်တုံးဖြုတ်ကိရိယာနှင့် လေးလက်မကျောက်စက်များကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း ငါးဦးအတွက် စတီးကန်၊ Liquid Soap Mixer နှင့် Balance ကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း ငါးဦးအတွက် Electric Dryer နှင့် ခြေနင်း အိတ်ပိတ်စက်များကိုလည်းကောင်း ပေးအပ်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းများကိုယ်စား သင်တန်းဆင်း တစ်ဦးအား သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြစ်သားမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ ၁ နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးခြင်းများ ဆောင်ရွက်

**မြစ်သား နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများမှ မြို့ပေါ် ၆ ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ယနေ့နံနက် ၉ နာရီက စတင်ပြီး လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို အဆိုပါ မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်းတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးရာတွင် မြို့ပေါ် ၆ ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်းသိရသည်။ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမတို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

## ညောင်ဦးခရိုင်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီခွဲအချိန်က လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သော်ထိုက်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ ကျင်းပမည့်နေရာရွေးချယ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများထည့်သွင်းကျင်းပနိုင်ရေးတို့အား Power Point ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦး မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်း မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ ညောင်ဦးမြို့နယ်ပညာရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ်ပညာရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၈၁)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း ၆၀ထောင့်၊ ဘောလုံးကွင်းရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၆ရက်နေ့တွင် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ ဇရာဝတီကမ်းနားလမ်းတွင်လည်းကောင်း၊ နိုဝင်ဘာ ၇ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အကွက် (၄၄၈)၊ သံလျက်မော်တောင်ရပ်ကွက်၊ စစ်ကိုင်း-မန္တလေးလမ်း၊ ဒေါနသုခလူမှုရေးအသင်းရုံးရှေ့တို့တွင်လည်းကောင်း ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Justin Brady အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅ခုနှစ်)(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅ ခုနှစ်) (မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစားပေးပြင်ဆင်လိုသည့်ဥပဒေများ စိစစ်တင်ပြရန် လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပထမဦးစားပေးအနေဖြင့် ပြင်ဆင်ရန် တင်ပြသည့် ဥပဒေများစာရင်းတွင် ယခုဥပဒေ(မူကြမ်း)ပါရှိပြီး ဤရုံး၏ အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် အကြောင်းကြားချက်အရ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ရန်ထောက်ခံတင်ပြလာသဖြင့် ယင်းဥပဒေ(မူကြမ်း)အပေါ် အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီး သက်ဆိုင်ရာသို့ ဆက်လက်တင်ပြရန် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူးတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Samir Sudhir Wanmali နှင့် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services- UNOPS) ၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur တို့အား ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Samir Sudhir Wanmali တို့ တွေ့ဆုံဆွေးနွေးစဉ်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိ WFP က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များအကျိုးရှိ ထိရောက်စေရေး၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခွင့် ရရှိရေး၊ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ်အသစ် (၂၀၂၇-၂၀၂၉) ပြင်ဆင်ရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ UNOPS မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) တို့အကြား လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မန္တလေးငလျင်ကြောင့် ထိခိုက်ခဲ့မှုများကို ပြန်လည်ထူထောင်ရေးတွင် ပူးပေါင်းဆောင်ရွက်စေလိုသည့် လုပ်ငန်းများကိုလည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးနှင့် UNOPS ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၅၂ ရက်
သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးမြို့နှင့် ကျောက်ဆည်မြို့ရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး Grade-12 သင် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများ ချမှတ်ပေးလျက်ရှိပြီး မူဝါဒများ ပေါက်မြောက်အောင်မြင်စေရန် ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့် မိမိတို့၏သားသမီးများ စာကြိုးစားကြရန် ဂရုစိုက်ကြပ်မတ်ပေးကြစေလိုပါကြောင်း၊ Grade-9 အောင်မြင်ပြီးသည့်အခါတွင် Grade-12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအင်ဂျင်နီယာပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများမှ အောင်မြင်ပြီးပါက အဆင့်မြင့်ဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည် ဖြစ်ပါကြောင်း။

Grade -12 အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးအတွက် သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ ဆရာ ဆရာမများတွင် တာဝန်ရှိသကဲ့သို့ ကျောင်းပြင်ပသို့ ရောက်ရှိချိန်တွင် မိဘများက ထိန်းကျောင်းပေးရမည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏သင်ကြားရေး အရည်အသွေးကောင်းမွန်စေရန် ပညာရေးဝန်ကြီးဌာနက သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး သုတေသန လေ့လာတွေ့ရှိချက်များပေါ်တွင် အခြေခံ၍ သင်ကြားရေးစွမ်းရည်များ မြှင့်တင်နိုင်ရန် ထိရောက်သည့်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက် အခြေပြုသင်ကြားရေးစနစ်ကို အားပေးလျက်ရှိရာတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအနေဖြင့် စာကြည့်တိုက်သို့ ကိုယ်တိုင်သွားရောက်၍ အသုံးပြုလေ့လာကြပြီး ကျောင်းသား ကျောင်းသူများလေ့လာသင်ယူနိုင်မည့် စာအုပ်များကို ဖြည့်ဆည်းထားရှိပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက Grade-12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများ၊ မိဘများက သိရှိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မန္တလာတက္ကသိုလ်သို့ရောက်ရှိပြီး မန္တလာတက္ကသိုလ် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ /ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြား၍ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ သင်ယူနေမှုများကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်



**ဆိပ်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် လျှပ်စစ်ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေး လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်၍ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းကို လျှပ်စစ်ဓာတ်အားရယူသုံးစွဲလျက်ရှိသော ဒေသခံပြည်သူများနှင့် လျှပ်စစ်ဓာတ်အားဖြင့် မိသားစုဝင်ငွေရရှိရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိစေရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်မှူး ဦးစန်းဦးက ကြီးကြပ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းတည်ဆောက်ခွင့်ရရှိသည့် ကောင်းသစ်ပိုင်ထက် ကုမ္ပဏီကတာဝန်ယူ၍ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဝန်ထမ်းများက မြို့တွင်းဓာတ်အားလိုင်းများနှင့် ထိစပ်လျက်ရှိသည့် သစ်ပင်၊သစ်ကိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းများအား မြို့နယ်လျှပ်စစ်မှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလုပ်ငန်းများမရှိရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အားကစားအသင်း၁၄သင်းမှအားကစားသမားများက နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍အားကစားအသင်း ၁၄ သင်းမှအားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကာအမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေ အတွင်းရေးမှူးနှင့် အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားတိုင်းရင်းသူများက မြန်မာ-ရုရှား နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးအား မြန်မာနိုင်ငံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရ လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၅

ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ညနေပိုင်းတွင် မိုင်းပွန်မြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ထိုသို့ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ဂုဏ်ပြုပန်းကုံးများစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ် အက အခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေး



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် (၂)နှစ်ဆက်တိုက် ပထမဆုရရှိသည့် အမရရွှေပြည်ရက်ကန်းစင်အသင်းအား ဂုဏ်ပြုပွဲကျင်းပ






**မန္တလေး နိုဝင်ဘာ ၅**

၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် (၂)နှစ်ဆက်တိုက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုလို ပထမဆုအား ၂ နှစ်ဆက်တိုက် ဆွတ်ခူးရရှိသည့်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရက်လုပ်ပူဇော်သည့် အသင်းဝင်များ၏ တစ်ဦးတစ်ယောက်ချင်းမှအဖွဲ့လိုက် စည်းလုံးညီညွတ်မှုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ခဲ့မှု၏ ရလဒ်ကောင်းများဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ ဆက်လက်ရှင်သန်နေအောင် လက်ဆင့်ကမ်းယူဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်သွားရင်းဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အမရရွှေပြည်ရက်ကန်းစင်အသင်းမှ တာဝန်ရှိသူများက ပထမဆုရရှိသည့် ဆုဖလားကို အပ်နှံပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမရရွှေပြည်ရက်ကန်းစင်အသင်းအုပ်ချုပ်သူက ဆုရရှိရေးအသင်းသူ၊ အသင်းသားများ၏ ကြိုးစားဆောင်ရွက်ခဲ့မှုများနှင့် ပြိုင်ပွဲအတွေ့အကြုံအားနည်းချက် အားသာချက်များကိုလည်းကောင်း၊ အသင်းကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီးနောက် ဂုဏ်ပြုဧည့်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးထားသော စံပြမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစပါး ၅၂၃၃၄ ဧက စိုက်ပျိုးထားရှိပြီး တောင်နောက်၊ ကျားကာ၊ ပွတ္တိုင်ကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားသော စံပြမိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်သည်။

ထိုသို့ စံပြမိုးစပါးများ စိုက်ပျိုးရာ၌ တောင်နောက်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၄၅)ခု၊ တောင်သူ ၄၅ ဦးမှ ဧရာမင်းမိုးစပါး ဧက ၁၀၀ ၊ ကျားကာကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၂၃)ခု၊ တောင်သူ ၂၂ ဦးမှ ဧရာမင်းမိုးစပါး ၁၀၀ ဧက၊ ပွတ္တိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၂)၊ ဦးပိုင်အမှတ်(၄၁)ခု၊ တောင်သူ ၄၁ ဦးမှ အောင်နိုင်တိုး မိုးစပါးနှင့် ဧရာမင်းမိုးစပါး ၁၀၀ ဧက စုစုပေါင်း ဧက ၃၀၀ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးစပါးများစိုက်ပျိုးရာ၌ ဧရာမင်း၊ မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ GW-11 စသည့် စပါးမျိုးကွဲများကို ဇော်ဂျီဆည်ရေဖြင့် ၃၆၀၃၈ ဧက၊ ကင်းတားဆည်ရေဖြင့် ၁၅၅၀၃ ဧက၊ သစ်တက္ကုန်းဆည်ရေဖြင့် ၄၃၆ ဧက၊ မိုးရေဖြင့် ၂၄၇ ဧက၊ မြေအောက်စက်တွင်းရေဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ (၀၄၅)





## တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် မင်္ဂလာမန္တလေး၌ ဆီမီး ၉၀၀၀ မီးထွန်းညှိပူဇော်ပွဲ ကျင်းပ စတုဒိသာဖြင့် ကုသိုလ်ပြုဧည့်ခံ

**မန္တလေး နိုဝင်ဘာ ၅**

တန်ဆောင်မုန်းလပြည့်နေ့ အခါသမယတွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ မီးထွန်းပွဲတော်များ ကျင်းပ၍ မြတ်စွာဘုရားရှင်အား ပူဇော်ကြသူများ၊ စတုဒိသာတို့ဖြင့် ကုသိုလ်ပြုဧည့်ခံကြသူများနှင့် အထင်ကရနေရာများသို့ လည်ပတ်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားကို ရည်သန်၍ မင်္ဂလာမန္တလေးမှကြီးမှူးကာ ဆီးမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် လာရောက်လည်ပတ်ကြသူများအတွက် လူဦးရေ ၂၅၀၀ ဦးစာ မုန့်ဟင်းခါးနှင့် ရွှေရင်အေးစတုဒိသာဖြင့် ကုသိုလ်ပြုဧည့်ခံခြင်းများကို ပရိမိုးရှင်းဧရိယာ၌ ကျင်းပခဲ့ရာ ဆီမီးများကို မင်္ဂလာမန္တလေးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လာရောက်လည်ပတ်ကြသူများနှင့် အတူတကွ ထွန်းညှိပူဇော်ခဲ့ကြပြီး မုန့်ဟင်းခါးနှင့် ရွှေရင်အေးစတုဒိသာများဖြင့် ကုသိုလ်ပြုဧည့်ခံခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

သင့်သွေးဖြင့် အသက်ကယ်ပါ။

## နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး နိုဝင်ဘာ ၅**

အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်တွင် နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ပေးသည်။ (အောက်ပုံ)

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုသို့ နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ညောင်ကွဲရပ်ကွက်၌ နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးသူ ၃၁ ဦးတို့အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ယနေ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၇)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးဘူတာကြီးမှ ရွှေကြက်ယက်ဘူတာအထိ မီးရထားလမ်းဇရိယာဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး စုပေါင်းဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထား(အထက်မြန်မာပြည်)မှ တာဝန်ရှိသူများ လိုက်ပါပြီး မြန်မာ့မီးရထားမှ RBEရထားတွဲဖြင့် မန္တလေးဘူတာကြီးမှစတင်၍ ရွှေကြက်ယက်ဘူတာအထိ သံလမ်း ဝဲ၊ ယာဘေးတစ်လျှောက် မီးရထားလမ်းဇရိယာဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးဘူတာကြီးမှ ၃၅လမ်း ရန်ကြီးအောင်ခုံးကျော်နေရာနှင့် ရန်ကြီးအောင်ဈေး၊ ဆက်လက်၍ ၄၂လမ်းခုံးကျော်နေရာနှင့် ၄၂ လမ်းဈေး၊ ၄င်းနောက် ရှမ်းစုဘူတာအနီးနှင့် ရှမ်းစုဘူတာ၊ ထိုမှတစ်ဆင့် မြို့ဟောင်းဘူတာအနီးကံရွာနေရာနှင့် မြို့ဟောင်းဘူတာနေရာများ၊ ရတနာ့ဂူဘူတာ၊ ဆက်လက်၍ ရွှေကြက်ယက်ဘူတာအထိ သံလမ်း ဝဲ၊ ယာဘေးတစ်လျှောက် မီးရထားလမ်းဇရိယာဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး မြန်မာ့မီးရထား (အထက်မြန်မာပြည်) မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက လမ်းပိုင်းအလိုက် ဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သံလမ်း ဝဲ၊ ယာဘေးတစ်လျှောက် အမှိုက်များ ကင်းစင်ရန်နှင့် သန့်ရှင်းသပ်ရပ်ရန် အလေးထားဆောင်ရွက်သွားရေး၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းစေပြီး စနစ်တကျစွန့်ပစ်ရန် အသိပညာပေးခြင်းများ၊ စည်းရုံးဆောင်ရွက်ခြင်းများနှင့် လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အချင်းချင်းပူးပေါင်းချိတ်ဆက်ကာ ထိရောက်စွာဆောင်ရွက်သွားရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် လိုအပ်သည့်နေရာများတွင် ရွှေ့လျားအမှိုက်ကန်များချထားပေးရေး၊ ဈေးများတွင် ဈေးရောင်းချနေမှုများအား စနစ်တကျဖြစ်စေရေး၊ ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်ခြင်းများ၊ ဈေးရောင်းချခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးသည့် အိမ်အမျိုးအစားအလိုက် ဆောက်လုပ်ရေးသုံးပစ္စည်းများ ကို ရွှေကြက်ယက်ဘူတာတွင် စနစ်တကျ နေရာချထားနိုင်ရေး ဆောင်ရွက်ရမည့်အစီအမံများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## သရက်နှင့် အောင်လံမြို့၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က သရက်မြို့နယ်၊ ထုံးတောင်ကျေးရွာ အောင်သစ္စာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူဦးမောင်မြင့်၏ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးနိုင်ရေး လိုအပ်သည့်နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ အောင်လံမြို့နယ် မိုးကောင်းကျေးရွာ မိုးသောက်ပန်းလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးတင်ထွေး၏ ဝါစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရန်အတွက် ဝါစိုက်ခင်းများတွင် ဓာတ်မြေဩဇာများ အချိန်ကိုက်၊ အချိုးကျထည့်သွင်းရန်နှင့် နည်းစနစ်မှန်ကန်စေရေးဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်ဆက်)**



## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၈၀ ဧကအထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၈၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၂၉၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ မြေပဲသီးနှံ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံ မြေပဲကို ၂၉၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက ၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ ၊ အထွက်နှုန်းများ တိုးတက်စေဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ဒီဒေသမှာက ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပဲစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးစသည့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**(အပေါ်ပုံ)**

**(၄၄၅)**

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မြို့နယ်စာရေးဆရာအသင်း စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော စာဖတ်ဝိုင်းအခမ်းအနားကို Community Center အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် စာဖတ်ဝိုင်းအခမ်းအနားဆက်လက်ဆောင်ရွက်ခဲ့ရာ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာမကြီး ဒေါ်ခင်မျိုးမြင့်ရွှေက စာရေးဆရာကြီး မြသန်းတင့် ရေးသားထားသော ဧကရီဖွားစောစာအုပ်တွင် ပါဝင်သည့် မှတ်သားဖွယ်ရာ အကြောင်းအရာများအား ဦးဆောင်ဆွေးနွေးဖတ်ကြားခဲ့သည်။



အဆိုပါဖတ်ကြားခဲ့သည့် ဝတ္ထုစာအုပ်မှ ပါဝင်သည့် အကြောင်းအရာများအား တက်ရောက်လာကြသည့် စာရေးဆရာကြီး၊ ဆရာမကြီးများမှ သိရှိလိုသည်များနှင့် မှတ်သားဖွယ်ရာ ဗဟုသုတများစွာအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

စာဖတ်ဝိုင်းအခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်းမှ ဆရာကြီး၊ ဆရာမကြီးများ၊ စာပေဝါသနာရှင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်းအေးသာစံ)**

# လက်ဘနွန်နှင့် နယ်သာလန် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး



ဘေရွတ် နိုဝင်ဘာ ၅

လက်ဘနွန်နှင့်နယ်သာလန်တို့ကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို နိုဝင်ဘာ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းသဘောတူညီချက်အရ နယ်သာလန်နိုင်ငံသည် လက်ဘနွန်တပ်မတော်အား ကန်ဒေါ်လာ ၇ ဒသမ ၅ သန်းကို ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို လက်ဘနွန်ကာကွယ်ရေးဝန်ကြီး မီချယ် မီနေဆာနှင့် နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင် ဗရီကယ်မန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

၎င်းသဘောတူညီချက်အရလက်ဘနွန်တပ်မတော်၏ လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အရည်အချင်းမြှင့်တင်ရေးနှင့် နယ်စပ်ထိန်းချုပ်ရေးကိစ္စရပ်များတွင် နယ်သာလန်က ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီက ပြောသည်။ လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီတပ်ဖွဲ့တွင် နယ်သာလန်က ပါဝင်ဆောင်ရွက်မှုနှင့် ၂၀၂၀ ပြည့်နှစ် ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုတွင် အကူအညီပေးခဲ့ခြင်းအတွက် နယ်သာလန်အား ကျေးဇူးတင်ရှိကြောင်း မီနေဆာက ပြောသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ငွေကြေးအကူအညီပေးခြင်း အပါအဝင် လက်ဘနွန်နိုင်ငံ၏ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗရီကယ်မန်က ပြောသည်။ နယ်သာလန်ကာကွယ်ရေးဝန်ကြီးသည် လက်ဘနွန်သမ္မတ ဂျိုးဇက် အေရွန်နှင့် တွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အစ္စရေးက လက်ဘနွန်နယ်စပ်အား ထိပါးနေခြင်းနှင့်ပတ်သက်၍ အစ္စရေးအား နိုင်ငံတကာက ဖိအားပေးဆောင်ရွက်ရန်အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အား အစ္စရေးက လိုက်နာဆောင်ရွက်ရေး ကူညီတိုက်တွန်းရန် လက်ဘနွန်သမ္မတ ဂျိုးဇက် အေရွန်က နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင် ဗရီကယ်မန်အား ပန်ကြားခဲ့သည်။ လက်ဘနွန်နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် နယ်သာလန်က ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီး ရူဗင်ဗရီကယ်မန်က ပြောသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- စိုးသူရ

# ဟားမတ်စ်အဖွဲ့အား တိုက်ခိုက်သွားမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၅

ဂါဇာဒေသရှိ အစ္စရေးတပ်ဖွဲ့များတပ်စွဲထားရာ အဝါရောင်မျဉ်းအတွင်းရှိ ဟားမတ်စ်အဖွဲ့ဝင်များ ခိုအောင်းရာ ဥမင်လိုဏ်ခေါင်းများကို တိုက်ခိုက်သွားမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။



အစ္စရေး၏ ဂါဇာဒေသဆိုင်ရာမူဝါဒမှာ ရှင်းလင်းပြတ်သားပြီး မိမိတို့ တပ်ဖွဲ့ဝင်များထိန်းချုပ်ထားရာ အဝါရောင်မျဉ်းအတွင်းရှိ ဟားမတ်စ်အဖွဲ့ဝင်များကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးကတ်က လူမှုမီဒီယာအိက်စ်တွင်ပြောသည်။ အစ္စရေး၏ရည်ရွယ်ချက်မှာ ဟားမတ်စ်အဖွဲ့လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစင်သည့် ဒေသဖြစ်လာစေရေးပင်ဖြစ်ကြောင်း ၎င်းကပြောသည်။

အစ္စရေးနှင့် ဟားမတ်စ်ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရေး၊ ဓားစာခံများလဲလှယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ ဂါဇာဒေသတွင်းသို့ ဝင်ရောက်ခွင့်ပြုရေးတို့ကို သတ်မှတ်ထားသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးက နှစ်ရှည်ပြစ်ဒဏ်များ ကျခံနေရသည့် ပါလက်စတိုင်းအကျဉ်းသား ၂၅၀နှင့် ဂါဇာဒေသမှ ထိမ်းသိမ်းခဲ့သည့် အကျဉ်းသား ၁၇၁၈ ဦးကို လွှတ်ပေးခဲ့ကာ အပြန်အလှန်အနေဖြင့် ဟားမတ်စ်ကလည်း အစ္စရေးဓားစာခံ ၂၀ နှင့် ရုပ်အလောင်း ၂၀ ကို လွှဲပြောင်းပေးခဲ့သည်။ ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အာကာသစခန်းပေါ်တွင် တရုတ်အာကာသယာဉ်မှူးများ စုဝေးကာ အထူးပြုလုပ်ထားသော မီးဖိုကို အသုံးပြု၍ ကြက်တောင်ပံကင် စားသုံး



ပေကျင်း နိုဝင်ဘာ ၅

တရုတ်နိုင်ငံ၏ တီယန်ကောင်းအာကာသစခန်းသို့ ရောက်ရှိလာခဲ့သည့် ရှင်ကျိုး ၂၁ အာကာသယာဉ်အဖွဲ့ဝင် ၃ ဦးနှင့် ရှင်ကျိုး ၂၀ မှ အာကာသယာဉ်မှူးများသည် အထူးပြုလုပ်ထားသော မီးဖိုကို အသုံးပြု၍ ကြက်တောင်ပံကင်နှင့် ငရုတ်ကောင်းအမဲသားများကို ယမန်နေ့က ပြင်ဆင်စားသုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့မျက်နှာပြင်မှ ကီလိုမီတာ ၄၀၀ ခန့်အကွာ၌ လည်ပတ်နေသည့် အဆိုပါအာကာသစခန်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သော ရုပ်သံအတိုတစ်ခုတွင် ရှင်ကျိုး ၂၁ အာကာသယာဉ်ပျံသန်းရေးအင်ဂျင်နီယာ ဗိုလ်မှူးဝူဖေးသည် အရသာနယ်ထားသော ကြက်တောင်ပံများကို အထုပ်ထဲမှ ထုတ်ယူကာ အထူးပြုလုပ်ထားသည့် သံချောင်းစင်ပေါ်တင်ပြီး မီးဖိုထဲသို့ ထည့်သွင်းနေသည်ကို မြင်တွေ့ရသည်။

ရုပ်သံဖိုင်ထဲတွင် ရှင်ကျိုး ၂၁ မစ်ရှင်ခေါင်းဆောင် ဗိုလ်မှူးကြီး ကျန်းလူက "ကြက်တောင်ပံတွေကို မီးဖိုထဲထည့်လိုက်ပြီဆိုတာနဲ့ ၂၈ မိနစ်ကြာ ၁၈၀ ဒီဂရီစင်တီဂရိတ်မှာ ဘယ်လိုဖြစ်လာမလဲဆိုတာ ကျွန်တော်တို့အားလုံး မြင်ချင်နေကြပါပြီ။ ဆက်ပြီး စောင့်ကြည့်ပေးကြပါ" ဟု ပြောနေသည်ကို ကြားရသည်။

နောက်ပိုင်းတွင် ဝူဖေးသည် အာကာသထဲတွင် ပြုလုပ်ထားသော ကြက်တောင်ပံများ ထည့်ထားသည့် သံချောင်းစင်ကို မီးဖိုထဲမှ ထုတ်ယူခဲ့ပြီး ကြက်တောင်ပံများသည် အသွင်အပြင်ကောင်းမွန်ရုံသာမက အနံ့လည်းကောင်းမွန်ကြောင်း ပြောကြားသည်။

ထိုကြက်တောင်ပံကင်ကို ရှင်ကျိုး ၂၀ မစ်ရှင်ခေါင်းဆောင် ဗိုလ်မှူးကြီး ချန်ဒုံးထံသို့ ဦးစွာပေးခဲ့ရာ ၎င်းက ကြက်ကင်နံ့ကို ခံစားရှူရှိုက်ခဲ့ပြီး ကျန်သူများကိုလည်း အတုယူပြုလုပ်စေခဲ့ကြောင်း သိရသည်။ Mon

# အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသတွင် ရေကြီးမှုဖြစ်ပွား ကလေးသူငယ်များ အပါအဝင် လူ ၁၅ ဦး သေဆုံး

ဂျကာတာ နိုဝင်ဘာ ၅

ယမန်နေ့က အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်စွန်း ပါပူဝါဒေသရှိ မြစ်တစ်စင်းကို ဖြတ်ကူးစဉ် ရေကြီးမှုဖြစ်ပွားသဖြင့် လူ ၁၅ ဦး သေဆုံးခဲ့ရာတွင် အများစုမှာ ကလေးသူငယ်များဖြစ်သည်ဟု အင်ဒိုနီးရှားအာဏာပိုင်များက နိုဝင်ဘာ ၄ ရက်တွင် အတည်ပြုခဲ့ပြီး ရေဘေးသင့်နေသည့် အခြားကျေးရွာတစ်ရွာတွင် ပျောက်ဆုံးနေသည့် ကလေးငယ် ၈ ဦးကိုလည်း ဆက်လက်ရှာဖွေနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် အန်ဒူဂါဒေသရှိ ဝေးလံခေါင်သီသော ဒယ်လ်ရွာတွင် ဖြစ်ပွားခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးကာ အသက် ၈ နှစ်မှ ၁၇ နှစ်အတွင်းရှိ လူ ၁၅ ဦးကို ရေတိုက်စားသွားရာ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ဒေသခံရဲချုပ် အဲလ်ဖရီဒို အဂတ်စတီနပ်စ်ရမ်ဘိယက်က ပြောကြားသည်။

အနီးနားရှိ ကျေးရွာတစ်ရွာတွင်လည်း ထိုနေ့၌ပင် အလားတူဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ရေတိုက်စား၍ ပျောက်ဆုံးနေသည့် ကလေးငယ် ၈ ဦးကို ရဲများက ရှာဖွေနေကြဆဲဖြစ်သည်။ မြစ်ရေတက်ချိန်တွင် မိဘများနှင့်အတူ မြစ်ကိုဖြတ်ကူးစဉ် ကလေးများ ရေထဲပါသွားခဲ့ခြင်းဖြစ်ပြီး တောင်ကုန်းထူထပ်သောဒေသဖြစ်၍ ရှာဖွေရေးလုပ်ငန်းများ အခက်အခဲရှိနေကြောင်း ရဲချုပ်ရမ်ဘိယက်က ဖြည့်စွက်ပြောကြားသည်။

ပါပူဝါဒေသ၏ နေရာအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများ ထပ်မံမျှော်လင့်ရသောကြောင့် နောက်ထပ်ရေကြီးမှုများအတွက် ပြင်ဆင်ထားကြရန် အင်ဒိုနီးရှား၏ သဘာဝဘေးအန္တရာယ် လျှော့ချရေးအေဂျင်စီက ဒေသခံများကို သတိပေးထားကြောင်း သိရသည်။

Mon






# တရုတ်နိုင်ငံရောက် ဗီယက်နမ် ကျောင်းသား၊ ကျောင်းသူများ ယူနန်ပြည်နယ်တွင် ရိုးရာယဉ်ကျေးမှု ဖလှယ်လေ့လာ



ပေကျင်း နိုဝင်ဘာ ၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကျောက်ထုံးနှင့် ကူမင်းမြို့များတွင် အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ၇ ကြိမ်မြောက် ယွန်နန် ပြည်ပကျောင်းသားများ ယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ်ကို ကျင်းပခဲ့ပြီး ၇ ရက်တာကာလအတွင်း တရုတ်နှင့် ဗီယက်နမ်မှ ကျောင်းသား၊ ဆရာ ၄၀ ကျော်တို့သည် ဒေသ၏ ကြွယ်ဝသော သမိုင်းကြောင်းနှင့် ကွဲပြားသော ယဉ်ကျေးမှုကို လေ့လာခဲ့ကြကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယခင်ကကျောင်း၏ ဆောင်းရာသီစခန်းချခရီးစဉ်အတွင်း ယူနန်သို့ လာရောက်လည်ပတ်ခဲ့ဖူးသည့် အသက် ၂၀ အရွယ် ဗီယက်နမ်ကျောင်းသား ကိုဆူရှာလည်း ပါဝင်သည်။ ၎င်းအနေဖြင့် ယခုအခါ ယူနန်တက္ကသိုလ်တွင် ပထမနှစ် ကျောင်းသားအဖြစ် ပညာဆက်လက်သင်ယူရန်ကို ပြန်လည်ရောက်ရှိလာခဲ့သည်။

"ဒီက ကျေးလက်နေထိုင်မှုပုံစံက ကျွန်တော့် ဇာတိမြို့ကို သတိရစေပါတယ်" ဟု ကိုက ထုတ်ဖော်ပြောကြားသည်။ ဒေသခံတောင်သူများ သံတန်းများပေါ်တွင် ပြောင်းဖူးလှန်းခြင်းနှင့် ထင်းမီးဖြင့် ချက်ပြုတ်ခြင်းပြုလုပ်လေ့ရှိကြရာ ဗီယက်နမ်တောင်သူများနှင့် အလေ့အထတူညီကြောင်း ၎င်းသတိပြုမိခဲ့သည်။ "ဒီလိုရင်းနှီးတဲ့ မြင်ကွင်းတွေက ကျွန်တော့်ကို ကိုယ့်အိမ်လို ခံစားရစေပါတယ်" ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

ယူနန် ဆရာအတတ်သင်တက္ကသိုလ်မှ အသက် ၂၂ နှစ်အရွယ် ဗီယက်နမ်ကျောင်းသူ ထိုင်း ဒေါင်ဖွမ်းအန်းအတွက်မူ ယင်းအစီအစဉ်သည် မမျှော်လင့်ထားသော ယဉ်ကျေးမှုတူညီမှုများကို ရှာဖွေတွေ့ရှိရန် အခွင့်အရေးကို ပေးခဲ့သည်ဟုဆိုသည်။

"ယူနန်မှာရှိတဲ့ လူတွေက မြောက်ပိုင်းဗီယက်နမ်မှာလိုပဲ ကောက်ညှင်းမုန့်စားကြပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ "ဒါကကျွန်မတို့ ယဉ်ကျေးမှုနှစ်ခု ဘယ်လောက် နီးကပ်စွာ ချိတ်ဆက်နေတယ်ဆိုတာကို သိရှိနားလည်စေခဲ့ပါတယ်" ဟု ၎င်းက ရှင်းပြကြောင်း သိရသည်။ Mon

သတင်း-စာမျက်နှာ ၂၄




စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလူဇဝတံတားအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိပလူဇဝတံတားအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦးနှင့် တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၆၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် မိုးညှင်းမြို့နယ် မန္တလေး-မြစ်ကြီးနား ကားလမ်းအနီး၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၂၇ ဂါလန်ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်တို့ရှိ ဂိုထောင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း အမှုတွဲဖွင့်လှစ်ထားသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်နှင့် ၂၇ ရက်တို့တွင် မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ အမှုတွဲ ဖွင့်လှစ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## သာသနိကအဆောက်အအုံများအား မီးဘေးလုံခြုံရေးစစ်ဆေး

**သရက် နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ပေါ်ရှိ သတ္တဌာနဘုရားအတွင်း မီးဘေးလုံခြုံရေးနှင့် မီးသတိမူရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကဆ)**

## မုတ်စွန်းမိုင်ကျေးရွာ၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ နိုဝင်ဘာ ၅**

အောက်တိုဘာ ၃၀ ရက် နံနက် ၄ နာရီခွဲခန့်က ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မုတ်စွန်းမိုင်ကျေးရွာ၌ ပိုင်ရှင် ဒေါ်အမ်ရှဲန်ဆိုသူ၏ ပေ ၃၀×၂၀၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ခြေတံရှည် တစ်ထပ်နေအိမ်တွင် အိပ်ရာဘေး၌ ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိ မွေ့ရာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကျိုင်းတုံမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးအိုက်လုတ်နှင့် ဒေါ်အမ်ရှဲန်ဆိုသူတို့ မီးလောင်သေဆုံးခဲ့ကာ မောင်စတင်ဖန် ဆိုသူ မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ)အား ကျိုင်းတုံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ပေ ၃၀×၂၀၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ခြေတံရှည် တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဒေါ်အမ်ရှဲန်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# ကရင်ပြည်သူ့ပါတီ (KPP) က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၅

**ကရင်ပြည်သူ့ပါတီ (KPP)ဥက္ကဋ္ဌ နန့်ခင်အေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**"အားလုံးပဲမင်္ဂလာရှိသောနေ့ဖြစ်ပါစေရှင်"**

ကျွန်မကတော့ ကရင်ပြည်သူ့ပါတီ(KPP) ရဲ့ ဥက္ကဋ္ဌ နန့်ခင်အေးဦး ဖြစ်ပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထု အများ ရှေ့မှောက် စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်မတို့ပါတီအမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီ(KPP)ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်မတို့ရဲ့ပါတီကို စတင်ထူထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ သွေးချင်းကရင်လူမျိုးများနှင့် ပြည်သူများအနေဖြင့် တရားဝင် နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်း တစ်ရပ် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နှင့် အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသားပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသော ဆန္ဒဖြင့် ပြည်သူများဟူသော အမည်ထည့်သွင်းလျက် တိုင်းရင်းသား ပြည်သူများ၏ ပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

ကရင်ပြည်သူ့ပါတီ၏မူဝါဒကို တင်ပြလိုပါတယ်။

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေးကို ပါတီ၏ နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။

**ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထားများ-**

- မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည်အေးချမ်းသာယာမှုကို ရေးရှုနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မိသားတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက်ရန်အတွက် ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြင့်လာရေး အတွက် အခြေခံကျသော ပညာရေးဖွံ့ဖြိုးမှုကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် လိုအပ်သည်လို့ ယုံကြည်ပါတယ်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်သောစနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏ မျိုးနွယ်စုအစွဲ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသအစွဲ စသော မတူကွဲပြားမှုများအပေါ် အစွဲအလမ်းမရှိဘဲ ကရင်တိုင်းရင်းသားအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာ ရှုမြင်သဘောထားပါတယ်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်မျိုးနွယ်များသည် လူမျိုးတစ်မျိုး အနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်း ကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက် မတ်မတ် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။
- ကရင်လူမျိုးတို့၏ အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့် တန်ဖိုးများကို အခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ် အေးချမ်းသာယာလှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင် ခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး တိုင်းရင်းသား အချင်းချင်း အပြန်အလှန် လေးစားတန်ဖိုးထားမှသာ စည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**ကရင်ပြည်သူ့ပါတီ၏ ရည်ရွယ်ချက်-**

၁။ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ထောင်နိုင်ရန်၊

၂။ ပြည်သူများ၏ လူနေမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်၊

၃။ ကရင်မျိုးနွယ်စုများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိသော အခြား တိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသော အခွင့်အရေးများ ရရှိနိုင်ရန်၊

၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် တိုင်းရင်းသားမျိုးနွယ်စု အလိုက် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရန်၊

**ကရင်ပြည်သူ့ပါတီ၏ လုပ်ငန်းစဉ်-**

၁။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပါဝင်ကြိုးပမ်း ဆောင်ရွက်မည် ဖြစ်ပါတယ်။

၂။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့် အတားဖြစ်စေတဲ့ အဂတိလိုက်စားမှုကိစ္စရပ်များအား တိုက်ဖျက်တဲ့ အခါ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

၃။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာကိစ္စရပ်များတွင် တရားမျှတမှုရှိစေရန် ဥပဒေနှင့် အညီ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၄။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် လူငယ်များ၏ ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်သော ပညာရေးစနစ် ပေါ်ထွန်းရေးကို လွှတ်တော်တွင် တင်ပြဆောင်ရွက်မည် ဖြစ်ပါတယ်။

၅။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ မိခင် ဘာသာစကား၊ စာပေများကို မပျောက်ပျက်စေရန် နိုင်ငံတော်၏ အမျိုးသားပညာရေးဥပဒေ(ပုဒ်မ ၄၂၊ ပုဒ်မခွဲ ခ)တွင် ပါရှိသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမည် ဖြစ်ပါတယ်။

၆။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုသုခုမပညာရပ်များကို အကောင် အထည်ဖော် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၇။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ ကျန်းမာရေးကို အထောက် အကူပြုစေရန်အတွက် ကုသရေး ထက် ကြိုတင်ကာကွယ်သည့်စနစ် ကို အားကောင်းစေရန် ဆောင်ရွက် သွားမည် ဖြစ်ပါတယ်။

၈။ ကရင်ပြည်သူ့ပါတီ သည် တိုင်းပြည်၏ အဓိကစီးပွားရေးကဏ္ဍ ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၉။ ကရင်ပြည်သူ့ပါတီသည် လူငယ် နှင့် အမျိုးသမီးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များအား လက်လှမ်း မီအသုံးချနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၁၀။ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် သုတေသန လုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြဆောင်ရွက် သွားမည်ဖြစ်ပါတယ်။

၁၁။ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက် လူနည်းစု တိုင်းရင်းသားများရရှိရမည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်နှင့် သမိုင်းတွင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကို ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို နှီးနွယ်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီး၌ ကရင်ပြည်သူ့ပါတီ(KPP)က ကိုယ်စားလှယ်လောင်း များဝင်ရောက်အရွေးချယ်ခံမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း (၇)ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ်လောင်း (၂၁)ဦးနှင့် ကရင်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ် လောင်း (၁)ဦးတို့ ဖြစ်ကြပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကျွန်မတို့ ကရင်ပြည်သူ့ပါတီ(KPP)အနေနှင့် ပြည်သူများထံသို့ ပန်ကြားအသိပေးချက်များကို တင်ပြလိုပါတယ်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကရင်လူမျိုးနှင့် ပြည်သူများအားလုံး မိမိ၏ အမည်သည် သက်ဆိုင်ရာကျေးရွာ/ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပေးခွင့်ရှိသူများ အမည်စာရင်းတွင် မိမိ၏အမည် မပါရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက် ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင်ရှိသော ကရင်လူမျိုး အခြေပြု ပါတီတာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာ အဆင်သင့်ဖြစ်ပြီးပါက ဆန္ဒမဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ရွေးကောက်ပွဲအပိုင်းလိုက် ကျင်းပမှုပြီးဆုံးသည်အထိ မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

နောက်ဆုံးအနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ကရင်လူမျိုးများနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ ကရင်ပြည်သူ့ပါတီ(KPP) ကိုယ်စားလှယ်များကို ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေလိုသော စိတ်စေတနာအရင်းခံ၍ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ တိုက်တွန်း နှိုးဆော်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၅

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းအနီးတွင် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။ မိုး/ဇလ

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ အိုင်ရာအိုလာကို စာချုပ်သက်တမ်းတိုးရန် ဘုန်းမောက်အသင်း စီစဉ်



**လန်ဒန် နိုဝင်ဘာ ၅**

ဘုန်းမောက်အသင်းသည် အသင်းနည်းပြ အိုင်ရာအိုလာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြသည် ဘုန်းမောက်အသင်းကို ၂၀၂၃ခုနှစ် ဇူလိုင် ၁ရက် မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၉၈ ပွဲတွင် ၃၉ပွဲနိုင်၊ ၂၄ပွဲသရေ၊ ၃၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဘုန်းမောက်အသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ အိုင်ရာအိုလာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ် ယောက်ပါ" ဟု ထုတ်ပြန်ထားသည်။

ဘုန်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၀ပွဲကစားထားပြီး ရမှတ် ၁၈မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်ပြီး ရလဒ်များကောင်းမွန်လျက်ရှိသည်။

(ဝဲပုံ)

(NGB)

0-0-0-0-0

## ဟယ်ရီကိန်းကို ပြောင်းရွှေ့ကြေး ယူရို ၆၅သန်းရရှိပါက ဘိုင်ယန်မြူးနစ်အသင်း ရောင်းချသွားဖွယ်ရှိ

**မြူးနစ် နိုဝင်ဘာ ၅**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားပြီး ၁၀၇ဂိုးအထိ သွင်းယူထားသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်း အလိုရှိသည့် ပြောင်းရွှေ့ကြေးကို ပေးချေပြီး ဟယ်ရီကိန်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)






## 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၈ ရက်တွင် စတင်မည်

**တူရင် နိုဝင်ဘာ ၅**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ 2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၈ရက်မှ ၁၇ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Nitto ATP Finals တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Nitto ATP Finals တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အိမ်ရှင် အီတလီတင်းနစ်ကစားသမား Jannik Sinner ဖြစ်သည်။

(NGB)

## အက်ဂယ်ဟိုဝါကို ခေါ်ယူရန် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၅**



ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ပေါ်တိုအသင်းတိုက်စစ်မှူး အယ်ဂယ်ဟိုဝါကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပေါ်တိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲကစားပြီး ၃၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

ပေါ်တိုအသင်းကလည်း အက်ဂယ်ဟိုဝါအတွက်မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် ပေါ်တိုအသင်းထံမှ အယ်ဂယ်ဟိုဝါကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ)

(NGB)

## နည်းပြပီအိုလီသည် ဖီအိုရင်တီးနားအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**တူရင် နိုဝင်ဘာ ၅**

စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြပီအိုလီကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။ (အောက်ပုံ)

ဖီအိုရင်တီးနားအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၁၀ပွဲကစားအပြီးတွင် ရမှတ်



လေးမှတ်သာ ရရှိထားပြီး အဆင့် ၂၀နေရာတွင် ရပ်တည်ကာ ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ပီအိုလီကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ပီအိုလီသည် ဖီအိုရင်တီးနားအသင်းကို ၂၀၂၅ခုနှစ် ဇူလိုင် ၁၂ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၄ပွဲတွင် လေးပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ပီအိုလီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့်သတင်းများအတိုင်း ဖီအိုရင်တီးနားအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ဂရစ်ဇ်မန်းကစားသမားဘဝ စပိန်လာလီဂါ သွင်းဂိုး ၂၀၀ပြည့်မြောက်

**လန်ဒန် နိုဝင်ဘာ ၅**

အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ကစားသမားဘဝ စပိန်



လာလီဂါ သွင်းဂိုး ၂၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်းက ဆီဗီလာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ကစားသမားဘဝတွင် ဆိုစီဒက်အသင်းနှင့်အတူ ဂိုး၄၀၊ ဘာစီလိုနာအသင်းနှင့်အတူ ၂၂ဂိုး၊ ယခု အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၁၃၈ ဂိုး စုစုပေါင်း ဂိုး ၂၀၀ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ၂၁ရာစုအတွင်း စပိန်လာလီဂါ ဂိုး ၂၀၀ ပြည့်မြောက်အောင် သွင်းယူနိုင်သည့် ပဉ္စမမြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်နိုင်ခဲ့သည်။

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ပွဲစဉ်များအဖြစ် ယမန်နေ့နံနက်ပိုင်းက ဆန်းဒါးလန်းအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။
* ဘာစီလိုနာအသင်းသည် မန်ယူအသင်းမှ အငှားခေါ်ယူထားသည့် ရပ်ရှ်ဖို့ဒ်ကို အပြီးသတ်ခေါ်ယူသွားဖွယ်ရှိသည်။

(NGB)

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၁-၂၀၂၅ ကြာသပတေးနေ့ | ညနေ၃း၃၀နာရီ | (၅)ဟံသာဝတီ - ရှမ်း(၄) (W,W,D,D,L) (W,W,D,W,W) | ဟံသာဝတီ ၀-၂ ရှမ်း<br>ရှမ်း ၄-၀ ဟံသာဝတီ |

### ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၇-၁၁-၂၀၂၅ သောကြာနေ့ | နံနက်၀၁း၁၅နာရီ | (၂၄)ဘေဆယ်လ်(ဆွစ်ဇလန်-၂)-FCSB(ရိုမေးနီးယား-၈)(၂၈) |
| " | " | (၃၀)ဇဝက်ဇ်ဒါ(ဆားဘီးယား-၁)-လိုင်လီ(ပြင်သစ်-၄)(၁၁) |
| " | " | (၄)ဒိုင်နမိုဇာဂရက်(ခရိုအေးရှား-၂)-ဆဲလ်တာဗီဂို(စပိန်-၁၂)(၉) |
| " | " | (၃၁)မော်လ်မို(ဆွီဒင်-၇)-ပနာသီနာကို့စ်(ဂရိ-၈)(၂၂) |
| " | " | (၁)မစ်ဂျီလန်း(ဒိန်းမတ်-၂)-ဆဲလ်တစ်(စကော့တလန်-၂)(၂၁) |
| " | " | (၃၃)နိစ်(ပြင်သစ်-၈)-ဖရိုင်းဘတ်(ဂျာမနီ-၁၁)(၆) |
| " | " | (၃၄)ဆောက်လ်ဘတ်(ဩစတြီးယား-၁)-ဂိုအေးအီးဂဲလ်(နယ်သာလန်-၁၁)(၁၂) |
| " | " | (၂၇)စတန်းဂရပ်ဇ်(ဩစတြီးယား-၄)-နော်တင်ဟမ်(အင်္ဂလန်-၁၉)(၁၇) |
| " | " | (၃၅)အူးထရက်(နယ်သာလန်-၆)-ပေါ်တို(ပေါ်တူဂီ-၁)(၁၅) |
| " | နံနက်၀၂း၃၀နာရီ | (၁၀)ဗီလာ(အင်္ဂလန်-၁၁)-မက္ကာဘီတဲလ်အဗစ်(အစ္စရေး-၂)(၃၂) |
| " | " | (၁၆)ဘက်တစ်(စပိန်-၅)-လိုင်ယွန်(ပြင်သစ်-၆)(၃) |
| " | " | (၁၈)ဘိုလော့ညာ(အီတလီ-၅)-ဘရန်း(နော်ဝေ-၃)(၈) |
| " | " | (၂)ဘရာဂါ(ပေါ်တူဂီ-၇)-ဂျန့်ခ်(ဘယ်လ်ဂျီယံ-၈)(၁၉) |
| " | " | (၇)ဖီရန်ဘားရို့စ်(ဟန်ဂေရီ-၄)-လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား-၃)(၂၆) |
| " | " | (၂၀)PAOK(ဂရိ-၁)-ယန်းဘွိုင်းစ်(ဆွစ်ဇာလန်-၄)(၁၃) |
| " | " | (၅)ပလာဇန်(ချက်-၄)-ဖီနာဘာချီ(တူကီယဲ-၂)(၁၄) |
| " | " | (၃၆)ရိန်းဂျားစ်(စကော့တလန်-၄)-ရိုးမား(အီတလီ-၄)(၂၃) |
| " | " | (၂၉)စတုဂတ်(ဂျာမနီ-၄)-ဖီယင်နို(နယ်သာလန်-၁)(၂၅) |

မှတ်ချက်။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင် (၃၆)သင်း၏ ယူရိုပါလိဂ် အမှတ်ပေးလိဂ်အဆင့်များဖြစ်သည်။



## မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ငလျင်ဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ငလျင်ဘေးသင့်မြို့နယ်(၁၃)မြို့နယ်မှ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံကြက်ခြေနီအသင်း ငလျင်ဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများရုံး (မန္တလေးရုံးခွဲ)စုဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးခိုင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူငယ်ကြက်ခြေနီခေါင်းဆောင် ဒေါ်ဇင်မာလင်းနှင့် တက္ကသိုလ်လူငယ်ကြက်ခြေနီအသင်းဝင်များ တက်ရောက်ကြပြီး ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**တံတားဦး နိုဝင်ဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ အထိမ်းအမှတ် တံတားဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက တံတားဦးမြို့ပြည်သူ့ဆေးရုံရှိ သံဃာ့ဆေးကုသဆောင်၌ ကျင်းပခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းနေကြသည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းရှစ်ဦး၊ စုစုပေါင်း ၂၃ ဦးတို့၏ သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့သို့ သွေးလှူဒါန်းခြင်းသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တံတားဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီး အမှန်တကယ် သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် စုပေါင်းသွေးလှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းသည် သွေးလိုအပ်နေသော ပြည်သူများ၏ အသက်ကို ကယ်တင်ပေးခြင်းဖြစ်ကြောင်း၊ သွေး မလှူဒါန်းမီအချိန်တွင် သွေးပေါင်စစ်ဆေးခြင်း၊ သွေးအမျိုးအစားခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွေးလှူဒါန်းပေးကြသော ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့် ကြက်ဥတို့ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(အောက်ပုံ) (၄၀၉)



## မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်မှုများနှင့် အသေးစားစက်မှုလုပ်ငန်းများ မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၅**

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ခရိုင်၊မြို့နယ်မီးသတ်ဦးစီးဌာနက ဈေးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်မှုများနှင့် အသေးစားစက်မှုလုပ်ငန်းများ မီးဘေးအန္တရာယ် ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်က မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူး အသုံးပြုပုံ၊ အသုံးပြုနည်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များက လျှပ်စစ်ရုံးဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများနှင့် မြို့မဈေးသူ၊ ဈေးသားများ၏ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိတ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်လွင်တို့ ပူးပေါင်းမှုဖြင့် ပူတာအိုမြို့၊ ပန်းလှိုင်ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖြစ်ကြသည့် ဝါးတူလုပ်ငန်း၊ ရေခဲစက်လုပ်ငန်း၊ ခေါက်ဆွဲလုပ်ငန်းနှင့် လုံးစွတ်ရပ်ကွက်ရှိ 'ဆန်း' ဆန်စက်လုပ်ငန်းများအား မီးဘေးလုံခြုံရေးလုပ်ငန်းများအတွက် စက်ရုံများတွင် အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကြိုးများနှင့် မီးပလပ်ခုံများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်ကင်းရှင်းခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်းအန္တရာယ်ရှိသော မီးပလပ်ခုံများနှင့် မီးကြိုးများကို အချိန်မီ လဲလှယ်နိုင်ရေးအတွက် တာဝန်ရှိသူများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးမြို့ပေါ်ရှိ မိဘမဲ့ကျောင်းများတွင် ကုသိုလ်ပြုသူ များပြားလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးမြို့ပေါ်ရှိ မိဘမဲ့ကျောင်းများတွင် မွေးနေ့အထိမ်းအမှတ် ကုသိုလ်ပြုသူများဖြင့် နိုဝင်ဘာတစ်လလုံး ရက်ပြည့်နေကြောင်း သိရသည်။

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂(A)လမ်းနှင့် ၂၂ လမ်းထောင့်ရှိ အေးရိပ်မွန် မိဘမဲ့အမျိုးသမီးကလေးများ စောင့်ရှောက်ရေးကျောင်းတွင် ကုသိုလ်ပြုသူများအနေဖြင့် နံနက်စာ ငွေကျပ်တစ်သိန်းခွဲ၊ နေ့လယ်စာ ငွေကျပ်နှစ်သိန်း၊ ညနေစာ ငွေကျပ်နှစ်သိန်းဖြင့် နိုဝင်ဘာတစ်လလုံး ရက်ပြည့်ကုသိုလ်ယူထားကြသည်။

အဆိုပါကျောင်းသို့ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသူ ၁၀၆ ဦးအတွက် အလှူငွေကျပ် ၂၀၀၀ စီကို လာရောက်ကုသိုလ်ပြုကြောင်း မွေးနေ့ရှင် မိဘတစ်ဦးက ပြောသည်။

နှစ်စဉ် သမီးမွေးနေ့၊ သားမွေးနေ့တွေကို အခြားကုန်ကျမှုများ မပြုလုပ်ဘဲ ယခုလို မိဘမဲ့ကျောင်းများတွင် လာရောက်လှူဒါန်းရသည်မှာ ပိုမိုကြည်နူးရခြင်းကြောင့် နှစ်စဉ်လှူဒါန်းခဲ့ရာ ယခုဆိုလျှင် ၁၁ နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ယခင်နှစ်တွေကလည်း ကလေးများအတွက် အရုပ်၊ အနွေးထည်တို့ကို စုပေါင်းကုသိုလ်ပြုခဲ့ကြောင်း ကုသိုလ်ရှင်ဒေါ်သီတာက ပြောသည်။

(အောက်ပုံ)

ရွှေမန်း



## မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ကင်ဆာဆေးသွင်းလူနာများအား ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးပြည်သူ့ဆေးရုံကြီး ကင်ဆာဌာနတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့ကင်ဆာလူနာများအား လစဉ်ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ကင်ဆာဆေးကုသဆောင်တွင် ပြုလုပ်ခဲ့သည်။

ချို့တဲ့ကင်ဆာလူနာနှင့် ခီမိုဆေးသွင်း လူနာများအား လှူဒါန်းပွဲသို့ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ကင်ဆာဌာန တာဝန်ခံဆရာဝန်၊ ဆေးလူမှုဆက်ဆံရေးအရာရှိနှင့် အလှူရှင် ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေ သူငယ်ချင်းများ၊ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး ချို့တဲ့ကင်ဆာလူနာတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာ ၉၀ ဦးအား စုစုပေါင်း ငွေကျပ်သိန်း ၉၀ နှင့် စားသောက်ဖွယ်ရာများ ကုသိုလ်ပြု လှူဒါန်းခဲ့ကြသည်။

ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော ဆင်းရဲနွမ်းပါးသော လူနာများအား လစဉ်လှူဒါန်းရေးအတွက် စေတနာရှင်များအနေဖြင့် ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)



**အသက်သည် သွေး၊**

**သွေးသည် အသက် ။**



## ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများနှင့် တောင်ကိုင်းကျေးရွာ ရွာသူ၊ ရွာသားများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်၊ သာခိုတောင်ရေထွက်ကျေးရွာအုပ်စု၊ ဗုဒ္ဓဂုဏ်ရည်ယောကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များနှင့် ဧည့်ပရိသတ်များက "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဆရာတော်ဝရဉာဏထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်နိုင်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမို့မို့နှင့် ဆရာမများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြည်ညိုကြ၍ သံဃာတော်နှင့် ဧည့်ပရိသတ်များက "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ဆက်လက်၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်တော်တွင် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်းငွေကျပ် သိန်း ၈၀ ကျော်ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ယခု ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ရေထွက်ကုန် တန်ချိန် နှစ်သိန်းဝန်းကျင် တင်ပို့ထား

ယခု ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်တွင် ပြည်ပသို့ ရေထွက်ကုန်တန်ချိန် နှစ်သိန်းဝန်းကျင် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ မိနီဘတ်ဂျက်ကာလအတွင်း ရေထွက်ကုန်ပစ္စည်း တန်ချိန် ၁၉၀၅၆၇ ခန့် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၉ သန်းကျော် နိုင်ငံခြားဝင်ငွေ ရရှိခဲ့သည်။

ပြည်ပသို့ ရေထွက်ကုန် တင်ပို့ရာတွင် ရေကြောင်း၊ လေကြောင်းနှင့်နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များဖြစ်သည့် ငါး၊ ပုစွန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ကျော်သို့ တင်ပို့လျက်ရှိသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပငါးတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ရွှေမန်း**

# ယခင်နှစ်ကထက် ပြည်ပသို့ သကြားပိုမိုတင်ပို့နိုင်မည်

လက်ရှိပြည်တွင်းသကြားလက်ကျန်နှင့် လာမည့်ကြံရာသီတွင် သကြားထွက်ရှိမှုကို ခန့်မှန်းတွက်ချက်မှုအရ ယခင်နှစ်ကထက် ပြည်ပသို့ သကြားပိုမို တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက မန္တလေးနေ့စဉ်ကို ပြောသည်။

"လက်ရှိ ပြည်တွင်းမှာ သကြားလက်ကျန်များ ရှိနေပါတယ်။ သကြားသုံးစွဲမှုကလည်း လျော့ကျနေတော့ ပြည်တွင်းမှာ သကြား ပိုလျှံမှုများလာတယ်။ လက်ရှိမှာ ဗီယက်နမ်နိုင်ငံကို သကြားတင်ပို့မှုရှိနေပါတယ်။ ပြည်တွင်း သကြားဈေးကျဆင်းမှုနှင့်အတူ ပြည်ပသကြားဈေးကျဆင်းနေပါတယ်။ ယခင်နှစ်ထက် သကြားပိုလျှံမှုများလို့ ပြည်ပကို သကြားပိုမိုတင်ပို့နိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်းသကြားဈေးက တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဝန်းကျင်ပေါက်ဈေးရှိနေပြီး ပြည်တွင်းသုံးစွဲမှုလည်း လျော့ကျနေကြောင်း၊ နိုင်ငံတကာသကြားပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

နိုင်ငံတကာသကြားပေါက်ဈေးကျဆင်းနေပြီး ပြည်တွင်းမှာလည်း သကြားဈေးကျဆင်းနေရာ လာမည့်ကြံရာသီတွင် ထွက်ရှိမည့် သကြားသစ်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည့် အခြေအနေရှိကြောင်း သိရသည်။

ကမ္ဘာ့သကြားဈေးကွက်တွင် ၂၀၂၄ ခုနှစ်၊စက်တင်ဘာလကုန်အထိ သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ ခန့် ပေါက်ဈေးရှိနေပြီး ၂၀၂၅ခုနှစ်၊ အောက်တိုဘာအထိ သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀-၅၂၀အထိသာ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသကြားစက်ရုံများမှ ယခုနှစ်ကြံရာသီတွင် ကြံတစ်တန် ဈေးနှုန်းမှာ ညှိနှိုင်းဆဲဖြစ်ပြီး ငွေရည်ပုလဲသကြားစက်တစ်ခုသာလျှင် ကြံတစ်တန်ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးဖွင့်ထားသည်။

ပြည်တွင်းသကြားစက်ရုံများ ယခင်နှစ်က ကြံတစ်တန်လျှင် ငွေကျပ် ၁၅၀၀၀၀- ၂၀၀၀၀၀ အထိ ပေါက်ဈေးပေး ဝယ်ယူခဲ့သော်လည်း လက်ရှိအချိန်တွင် ပြည်တွင်းသကြားလက်ကျန်များရှိနေသောကြောင့် ယခင်နှစ်များထက် လျော့ကျဝယ်ယူလျက်ရှိသည်။

ပြည်တွင်းသကြားဈေးမှာ အောက်တိုဘာလမှစတင်၍ ကျဆင်းနေရာ နိုဝင်ဘာလဆန်းပိုင်းတွင် ပေါင်းသကြား တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀-၄၀၀၀၊ ခါသကြား ၃၄၀၀-၃၅၀၀၊ ပွက်သား တစ်ပိဿာလျှင် ငွေကျပ် ၂၆၇၀-၂၉၀၀၊ ခါစက်ကျရည် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀-၂၆၀၀၊ ပေါင်းစက်ကျရည် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၂၀၀၀ အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## မိုးစပါး အောင်နိုင်တိုး (၆၆ × ၆၆) ပတ်လည် စံကွက်ရိတ်သိမ်းကွင်းသရုပ်ပြ

**ဟုမ္မလင်း နိုဝင်ဘာ ၅**

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအောင်နိုင်တိုး (၆၆×၆၆)ပတ်လည် စံကွက်ရိတ်သိမ်းကွင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက ဟုမ္မလင်းမြို့နယ်၊ နားနုံးကျေးရွာ တောင်သူဦးအောင်စိုးလွင်၊ ကွင်းအမှတ် (၆၂)၊ ဦးပိုင်အမှတ်(၇၃)နားနုံးပါ မလုံလယ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက မိုးစပါးအောင်နိုင်တိုး (၆၆×၆၆)ပတ်လည် စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူဦးအောင်စိုးလွင်၏ မိုးစပါးအောင်နိုင်တိုးစိုက်ခင်း၏ (၀ ဒသမ ၁၀)ဧကအား စံကွက်ရိတ်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ရာ စံကွက်အထွက် ၁၄ တင်း၊ တစ်ဧက အထွက်နှုန်း အစိုတင်း ၁၄၀ ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်း သရုပ်ပြပွဲသို့ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၆၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



**သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ ။**



## အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ အခွန်ထမ်းပြည်သူများနှင့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များ အကြောင်းနှင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အခွန်ထမ်းများနှင့် လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**စွယ်တော်**

စွယ်တော်ပင်၏ ရုက္ခဗေဒအမည်မှာ Bauhinia Acuminata L. ဖြစ်ပြီး မျိုးရင်း Fabaceae တွင် ပါဝင်သည်။ စွယ်တော်ပင်သည် မုတ်သုံရာသီ ဥတုရှိသော အရှေ့တောင်အာရှနိုင်ငံများတွင် ပေါက်ရောက်သည်။

စွယ်တော်ပင်သည် ပန်းပွင့်သော ချုံပင်မျိုးဖြစ်ပြီး အမြင့် ၆ ပေမှ ၁၀ ပေအထိ ကြီးထွားသည်။ အရွက်များမှာ နှစ်ခြမ်းရှိပြီး နွားခွာပုံသဏ္ဌာန်ရှိသည်။ အရွက်များမှာ ၆ စင်တီမီတာမှ ၁၅ စင်တီမီတာအထိ ကျယ်ဝန်းရှည်လျားသည်။ ပန်းပွင့်တွင် အဖြူရောင်ပွင့်ချပ် ငါးခုပါဝင်ပြီး အဝါရောင်ဝတ်ဆံတိုင် ၁၀ ခု ပါဝင်ကာ အနည်းငယ်သင်းပျံ့သော မွှေးရနံ့ရှိကာ အချင်း ၈ စင်တီမီတာမှ ၁၂ စင်တီမီတာအထိ ရှိသည်။

စွယ်တော်ပင်တွင် ပရိုတင်းကြမ်း ၂၃ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ အပင်တွင် တွေ့ရသည့် အဆီများ ၂၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ကာဘိုဟိုက်ဒရိတ် ၄၈ ရာခိုင်နှုန်းတို့ ပါဝင်သည်။ စွယ်တော်ပင်တွင် ဖလေဗိုနွိုက်၊ အယ်လ်ကာလွိုက်၊ ဂလိုက်ကိုဆိုက်၊ ဆာပိုနင်၊ တန်နင်နှင့် စတီးရွိုက်တို့ ပါဝင်ပြီး ယင်း၏ အရွက်၊ အခေါက်၊ အမြစ်၊ ပန်းပွင့်နှင့် အစေ့များကို ရိုးရာတိုင်းရင်းဆေးအဖြစ် အသုံးပြုကြသည်။

စွယ်တော်ပင်တွင် ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ဆီးချိုရောဂါကို တိုက်ဖျက်နိုင်စွမ်း၊ အနုဇီဝပိုးမွှားများကို သေစေနိုင်စွမ်း၊ ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်း၊ ပြည်တည်နာများကို သက်သာစေနိုင်စွမ်း၊ ပန်းနာရင်ကြပ်ဝေဒနာကို သက်သာစေနိုင်စွမ်း၊ အစာကြေလွယ်နိုင်ခြင်း၊ အသားအရေကို အထောက်အကူဖြစ်စေနိုင်စွမ်းတို့ရှိသည်။

ကျောက်ကပ်ကျောက်တည်နေသူများအနေဖြင့် စွယ်တော်ရွက် လက်တစ်ဆုပ်စာကို ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုပြီး တစ်ပတ်ခန့်သောက်ပေးပါက ကျောက်များကြေပြီး ရောဂါသက်သာစေပါသည်။



**လက်ပံ**

လက်ပံပင်၏ အင်္ဂလိပ်အမည်မှာ RED SILK-CO TREE ဖြစ်သည်။ လက်ပံပင်သည် အသားပွသော အပင်ကြီးမျိုးဖြစ်သည်။ ပင်စည်၌ ဆူးများ ရှိသည်။ လက်ပံကိုင်းသည် ပင်စည်၌ လက်တံဆိုင်၍ ဘေးသို့ဖြောင့်တန်းစွာထွက်၍ ပေါက်သည်။

လက်ပံပင်တွင် အဖြူ၊ အနီ၊ အဝါးဟူ၍ သုံး မျိုးရှိသည်။ လက်ပံပွင့်များသည် တပို့တွဲလ၊ တပေါင်းလများတွင် ပွင့်တတ်သည်။ ၄င်းတို့ထဲမှ လက်ပံနီ၏ ဆေးအသုံးပြုပုံကို မျှဝေပေးပါမည်။

လက်ပံခေါက်သည် ဖန်၏။ သလိပ်ကို ပယ်နိုင်၏၊ ဝဖြိုးစေ၏၊ အပွင့်သည် ခါး၊ ဖန်၊ အေးသော အရသာရှိ၏။ ဝမ်းကိုချုပ်စေ၏၊ သွေးကို စင်ကြယ်စေ၏၊ သုက်ကိုပွားစေ၏၊ အစာမကြေဝမ်းပျက်၊ သွေးဝမ်းတို့ကို ပျောက်ကင်းစေနိုင်၏။

အဆုတ်အအေးမိခြင်း၊ အဆုတ်ရောင်ရမ်းခြင်းဖြစ်ပါက လက်ပံပွင့်ကို တစ်ညလုံး ရေတွင်စိမ်ထားပါ။ နံနက်ပိုင်းတွင် အဖတ်များကို စစ်ယူပြီး မုန်ညင်းစေ့အနည်းငယ်ထည့်၍ သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။ ၄င်းစိမ်ရည်ကိုပင် သကြားအနည်းငယ်ထည့်၍ သောက်ပေးပါက သွေးမြင်းသရိုက်ရောဂါနဲ့ ဝမ်းကိုက်ရောဂါများကို ပျောက်ကင်းစေပါတယ်။

ခရုသင်း၊ သမင်ဖြူရောဂါများအတွက် လက်ပံပွင့် ၁၂ ကျပ်သား၊ သကြား ၁၂ ပဲသားကို နွားနို့ ၂၅ ကျပ်သားနဲ့ ကျို၍ သောက်ပေးပါက ပျောက်ကင်းစေပါတယ်။ ထို့အပြင် အပွင့်ကို ထောပတ်၊ သိန္ဓောတို့ကို သင့်ရုံထည့်ပြီး ကြော်ချက်စားပေးပါက မီးယပ်ဖြူဆင်းခြင်း၊ သွေးအန်၊ သွေးကျရောဂါတို့ကို ပျောက်ကင်းစေပါတယ်။

သရက်ရွက်ကြီးခြင်းအတွက် လက်ပံပွင့် ၆ ကျပ်သားကို လုံးချေပြီး ရေသန့်သန့် ၅၀ ကျပ်သားနဲ့ တစ်ညစိမ်ထားပြီးလျှင် နံနက်တွင် အဖတ်များကို စစ်ယူပါ။ ၄င်းကို တစ်ခွက်စာ ၅ ကျပ်သားမျှ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ် မုန်ညင်းစေ့အမှုန့်အနည်းငယ်ရော၍ သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

ခြေသလုံးကြွက်သားများ ရောင်ရမ်းခြင်း၊ ကြွက်တက်ခြင်းများဖြစ်ပါက လက်ပံရွက်ကို ကြိတ်၍ အုံပေးခြင်း၊ အမှုန့်ပြုလုပ်ထားပြီး ဆုပ်နယ်ပေးခြင်းပြုလုပ်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

အစာမကြေ၊ ဝမ်းသွားပါက လက်ပံစေး ၃၊ ၄ ကျပ်သားကို အမှုန့်ပြုလုပ်၍ သကြားနဲ့ရောသောက်ပါက ပျောက်ကင်းစေနိုင်ပြီး လက်ပံစေးကို သံအိုးကင်းတွင်လှော်၍ အမှုန့်ပြုလုပ်ပြီးလျှင် တစ်ခွက်စာ တစ်ကျပ်သားမျှကို ပျားရည်နှင့် ရော၍ သောက်ပါက ရိုးရိုးဝမ်းသွားခြင်းနဲ့ အတိသာရဝမ်းသွားခြင်းကို ပျောက်ကင်းစေပါတယ်။

အပူလောင်ခြင်းများဖြစ်ပါက လက်ပံသီးကို သွေး၍လိမ်းပေးခြင်း၊ ကပ်ပေးခြင်းဖြင့် အမြန်ပျောက်ကင်းစေပါတယ်။

အရက်ရဲ့ အနံ့အဆင်းကဲ့သို့ ဆီးသွားပါက လက်ပံခေါက်ကို ပြုတ်၍ သောက်ပေးပါ။

အမျိုးသမီးများ မီးယပ်သွေးလွန်ဖြစ်ပါက လက်ပံခေါက်ကို အမှုန့်ပြုလုပ်ပြီး တစ်ခါသောက် ကော်ဖီဇွန်းတစ်ဇွန်း နွားနို့နဲ့ သောက်ပေးပါ (သို့မဟုတ်) လက်ပံပွင့်ကို အမှုန့်ပြုလုပ်၍ နွားနို့၊ သကြားတို့နှင့်ရော၍ သောက်ပေးပါ။

အာရုံကြောအားနည်းခြင်း၊ အားအင်ကုန်ခန်းခြင်းဖြစ်ပါက လက်ပံပင်၏ အမြစ်ခေါက်ကို အမှုန့်ပြုလုပ်၍ တစ်ခါသောက် ကော်ဖီဇွန်း တစ်ဇွန်း ပျားရည် (သို့မဟုတ်) သကြားတို့နဲ့ ရောသောက်ပေးပါ။

နှလုံးအားနည်းနေသူများအတွက် လက်ပံခေါက် ၁ ကျပ်သားကို နွားနို့ ၂၅ ကျပ်သားနဲ့ ကျက်အောင်ကျိုပြီး သောက်ပေးပါ။

အပူကြောင့်ဖြစ်သော အနာမီး၊ အနာလျှံများ၊ ရေယုန် စသည်များပေါက်၍ အပူလောင်ပါက လက်ပံခေါက်ကို ရေနဲ့သွေး၍လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

မျက်နှာ၌ အကွက်အထင်းပေါက်ခြင်း၊ အရောင်ဆင်း ညစ်နွမ်းခြင်းဖြစ်ပါက လက်ပံဆူးအဖုကို နွားနို့နဲ့ဖြစ်စေ၊ ဆိတ်နို့နဲ့ဖြစ်စေ လိမ်းပေးပါက မျက်နှာအသားအရေချောမွေ့၍ အရောင်ကြည်လင်လာပါလိမ့်မည်။

ဆီးချိုသမားများအတွက် လက်ပံပွင့်ကို ပြုတ်စားပါ။ လက်ပံပွင့်ကို ဟင်းချိုချက်စားပါ။

သွေးတိုးသမားများအတွက် ဆီးသီးနဲ့လက်ပံပွင့်ရောပြီး ဟင်းချိုချက်စားပါ။

မီးယပ်ရောဂါအတွက် လက်ပံအခေါက်ပြုတ်ပြီး သောက်ပေးပါ။



**မာလာဖူး**

မာလာဖူးကို ရေနွေးဖြော့ပြီး၊ ပြုတ်ပြီးတဲ့အခါ အရသာက ရှတတ၊ အနံ့လေးက မွှေးမြမြနဲ့ ထမင်းမြိန်စေတဲ့ မာလာဖူးက ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပါတယ်။

မာလာဖူးရဲ့ ပူရှိန်းရှိန်း၊ ရှတတ အာနိသင်ကြောင့် အစာခြေဖျက်မှုကို အားပေးပြီး အစာခြေစနစ်ရဲ့လုပ်ဆောင်ချက်ကို ကူညီထောက်ပံ့ပေးပါတယ်။ လေနာရောဂါ၊ အစာမကြေတာ၊ ဗိုက်အောင့်တာ၊ ခံတွင်းပျက်တာ၊ သန်ထတာ၊ လေပွတာ၊ အူလမ်းကြောင်းလှုပ်ရှားမှု မမှန်တာ၊ စားချင်စိတ်မရှိတာ စတဲ့ ဝေဒနာတွေအတွက် ဆေးတစ်ခွက်ဖြစ်ပါတယ်။

မာလာဖူးဟာ အရောင်ကျစေပြီး နာကျင်ကိုက်ခဲမှုတွေ သက်သာစေနိုင်ပါတယ်။ အနာတွေကို အမြန်ကျက်စေနိုင်ပြီး ပြန်လည်သက်သာစေနိုင်စွမ်းကိုလည်း အားပေးပါတယ်။

ဆီးရွှင်စေဖို့ကို အားပေးတဲ့ အာနိသင်ကြောင့် ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ဖယ်ရှားသန့်စင်ပေးပြီး ပိုလျှံနေတဲ့ အရည်တွေကို စွန့်ထုတ်ပေးနိုင်ပါတယ်။ အဲ့ဒီကနေမှ အဆစ်နာရောဂါ၊ လေးဖက်နာရောဂါတို့လို ရောင်ရမ်းမှုတွေကို လျော့ကျစေပြီး နာကျင်မှုတွေကို လျော့ပါးစေနိုင်ပါတယ်။

ဝမ်းလျှောစေတတ်တဲ့ E.coli ပိုး အပါအဝင် ရောဂါပိုးမွှားတွေကို သေစေနိုင်တဲ့အစွမ်းအာနိသင်ရှိသလို မှိုပိုးတွေနဲ့ ဘက်တီးရီးယားတွေကိုလည်း ကူညီနှိမ်နင်းပေးနိုင်ပါတယ်။

အမျိုးသမီးများ ဓမ္မတာလာချိန်တွေမှာ နာကျင်ကိုက်ခဲခြင်း၊ အဖြူဆင်းခြင်း စတဲ့ ကျန်းမာရေးပြဿနာတွေအတွက်လည်း အကျိုးအာနိသင်ရှိပါတယ်။

မာလာဖူးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အများကြီးပါဝင်သောကြောင့် Free Radical တွေကြောင့် ဖြစ်လာတဲ့ ထိခိုက်မှုအန္တရာယ်တွေကို ဟန့်တားပေးနိုင်ပါတယ်။ Free Radical လို့ခေါ်တဲ့ ဓာတ်တိုးပစ္စည်းတွေက ခန္ဓာကိုယ်ရဲ့ ဆဲလ်တွေကို ပျက်စီးစေပြီး ကင်ဆာရောဂါ အပါအဝင် ပြင်းထန်ဆိုးရွားတဲ့ ရောဂါတွေကို ဖြစ်စေနိုင်ပါတယ်။

ကင်ဆာရောဂါတွေကို သက်သာစေနိုင်တဲ့ အင်န်တီအောက်ဆီးဒင့်တွေ ကြွယ်ဝသောကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ပါတယ်။

နှာတာရှည် ရောင်ရမ်းခြင်းကြောင့် ဖြစ်လာတဲ့ နှလုံးရောဂါဖြစ်ပွားခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။



**ကြာရိုး**

ကြာရိုးက အမျှင်ဓာတ်ကြွယ်ဝသောကြောင့် အစာခြေစနစ်ကို အထောက်အကူပြုနိုင်သလို ဝမ်းမှန်စေပါတယ်။ ဝမ်းချုပ်တတ်သူများအတွက် အထူးသင့်တော်ပါတယ်။

ကြာရိုးမှာ ကယ်လ်ဆီယမ်ပါဝင်နေလို့ နှလုံးကျန်းမာရေးကို အကောင်းဆုံးအထောက်အကူပြုပေးနိုင်ပါတယ်။

ကယ်လ်ဆီယမ် ကြွယ်ဝစွာ ပါဝင်သောကြောင့် အရိုးတွေကို သန်မာစေပြီး အရိုးသိပ်သည်းဆကို ကောင်းစေနိုင်ပါတယ်။

ကြာရိုးက ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသလို အမိုင်နိုအက်စစ်တစ်မျိုးဖြစ်တဲ့ Tryptophan ကြွယ်ဝစွာပါဝင်သောကြောင့် ဆဲလ်တွေကို ဓာတ်တိုးပစ္စည်းတွေကြောင့် ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။ ပတ်ဝန်းကျင်က ညစ်ညမ်းတဲ့အရာတွေကြောင့် ဆဲလ်တွေမပျက်စီးအောင် ကာကွယ်ပေးနိုင်ပါတယ်။

ပိုတက်ဆီယမ် ကြွယ်ဝမှုက သွေးပေါင်ချိန်ကို ထိန်းညှိပေးသလို သွေးတွင်းသကြားဓာတ်ကိုလည်း အကောင်းဆုံးထိန်းညှိပေးပါတယ်။ ဆီးချိုရှိသူတွေရော၊ သွေးတိုးရှိသူတွေပါ မကြာခဏစားသုံးပေးသင့်ပါတယ်။

ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကောင်းစေဖို့ အကောင်းဆုံးထောက်ပံ့ပေးပါတယ်။ ဗိုင်းရပ်စ်တွေ မကူးစက်စေရန် အကောင်းဆုံးအားဖြည့်ပေးနိုင်ပါတယ်။ ကိုယ်ခံအားကောင်းချင်သူတိုင်း စားပေးသင့်ပါတယ်။

ဗီတာမင်စီ ပါဝင်မှုမြင့်တယ်ဆိုတာက ဓာတ်တိုးဆန့်ကျင့်အာနိသင်ကြွယ်ဝတဲ့ သဘောပါ။ ဒီလိုကြွယ်ဝမှုကပဲ ဓာတ်တိုးပစ္စည်းတွေကြောင့် ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးမှာပါ။ ကော်လာဂျင်ထွက်ရှိမှုကို ကောင်းစေနိုင်သောကြောင့် အရေပြားနဲ့ ဆံသားကို ကျန်းမာစေနိုင်ပါတယ်။ ကော့ပါး ကြွယ်ဝမှုက ဆံသားကျန်းမာစေဖို့ အကောင်းဆုံးအားဖြည့်ပေးနိုင်မှာပါ။

ကြာရိုးက အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်နေသောကြောင့် သွေးတွင်း ကိုလက်စထရောကို ကျဆင်းစေနိုင်ပါတယ်။

အမျှင်ဓာတ်ကြွယ်ဝပြီး ကယ်လိုရီပါဝင်မှုနည်းပါတယ်။ အာဟာရဓာတ်ကြွယ်ဝမှုကြောင့် ကြာရိုးက ကိုယ်အလေးချိန်ကျစေရန် အကောင်းဆုံး အထောက်အပံ့ပေးနိုင်ပါတယ်။

ကြာရိုးမှာ ဗီတာမင်ဘီ၊ နိကာစင်၊ ဖောလိတ်၊ သီရာမင်း၊ ဗီတာမင် B6 နဲ့ Pantothenic Acid တို့ ကြွယ်ဝစွာပါဝင်သောကြောင့် မှတ်ဉာဏ်အားကောင်းစေပြီး သတိမေ့ခြင်း၊ ခေါင်းကိုက်ခြင်းက စလို့ စိတ်ဖိစီးမှုတွေကိုပါ ပြေလျော့စေပါတယ်။ စိတ်ကြည်လင်လန်းဆန်းစေရန် အကောင်းဆုံးအားဖြည့်ပေးပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား** – **Tik Tok**

# အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲ၊ ပြပွဲများ ကျင်းပ



**စဉ့်ကိုင် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သည် စာကြည့်တိုက်များရှင်သန် ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးလှုပ်ရှားမှု အဖြစ် အ·မ·က (သင်္ကတုံ)နှင့် ပူးပေါင်း၍ မူးယစ် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် ရေး အသိပညာပေးဟောပြောပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် နံရံကပ် စာစောင်ပြပွဲတို့ကို ယမန်နေ့ နံနက် ၁၀နာရီက သင်္ကတုံကျေးရွာ 'ဘဝ အလင်းသစ်' စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နှင်းအိအိခိုင်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများကို လေ့လာဖတ်မှတ် လာစေရန်၊ စာဖတ်သည့် အလေ့ အကျင့်ကောင်းများရရှိလာစေရန်၊ လူများအလယ်တွင် ရဲဝံ့စွာပြော ဆိုတတ်စေရန်၊ နှုတ်မှုစွမ်းရည် များတိုးတက်လာစေရန် စသည်တို့ ကိုရည်ရွယ်၍ ကျင်းပခြင်းဖြစ် ကြောင်း၊ မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးအမျိုး အစားများ၊ မူးယစ်ဆေးဝါးသုံးစွဲ ခြင်း၏ အန္တရာယ်ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ ရှောင်ရန်၊ ဆောင် ရန်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို အကျယ်တဝံ့ ရှင်းလင်းဟောပြော ခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲ များ ကျင်းပရာ စာကြည့်တိုက် လက်ထောက်(၃)က ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ နှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်း များကို ရှင်းလင်းပြောကြားပြီး အ·မ·က(သင်္ကတုံ)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက စာကြည့်တိုက် အတွင်း ပြသထားသည့် မူးယစ် ဆေးဝါးအန္တရာယ်တားဆီးကာ ကွယ်ရေး အသိပညာပေးနံရံကပ် စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(၃၉၉)

* – * – * – * – * – *

# လူထုအခြေပြုဗဟိုဌာနတွင် "ဒို့တိုင်းဌာနီ"စာအုပ်စာဖတ်ဝိုင်း ပြုလုပ်

**ကျောက်ဆည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း တို့ပူးပေါင်းပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန တွင် စာရေးဆရာ ခင်ဆွေဦး ရေးသားသည့် 'တို့တိုင်းဌာနီ' စာအုပ်စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက် ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်တင် တင်ထွေးက လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန် မြှင့်မားရေးအတွက် စာဖတ်ဝိုင်း များပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကျောက်ဆည်မြို့ နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုး သူများအသင်းဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်-ကျောက်ဆည်) က ခင်ဆွေဦး ရေးသားသည့် 'ဒို့တိုင်းဌာနီ'စာအုပ်တွင် ရေးသား ဖော်ပြထားသောအကြောင်းအရာ များကိုဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည် များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

(၄၈၅)

## တန်ဆောင်မုန်းလနှင့် သာမညဖလအကြောင်း အသိပညာပေး (Talk Show) ကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက 'တန်ဆောင် မုန်းလနှင့်သာမညဖလ'အကြောင်း အသိပညာပေး (Talk Show) ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေး မိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က တန် ဆောင်မုန်းလနှင့် ပွဲတော်များ အကြောင်း၊ ကထိန်နှင့် တန်ဆောင် မုန်းလအကြောင်း၊ တန်ဆောင် မုန်းလ၏ ရာသီပန်းအဖြစ် ခဝဲ ပန်းများအကြောင်း၊ တန်ဆောင် မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ ပုံများ စသည့်အကြောင်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြား ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲ (Talk Show)အပြည့်အစုံကို ပြည်သူများအား တန်ဆောင်မုန်း လ သာမညဖလ အခါတော်နေ့နှင့် ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် တောင်တွင်း ကြီးမြို့နယ် ပြည်သူ့စာကြည့် တိုက် Page တွင် ထုတ်လွှင့်တင် ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင်(ဗိဿနိုးမြေ)

* – * – * – *



* – * – * – * – * – *

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

* မြန်မာ့ဆယ့်နှစ်လ ရာသီမှာ
တန်ဆောင်မုန်း ပွဲတော်ခါ။
နှစ်စဉ်သာ တွေ့မြင်မိ
မြိုင်မြိုင်ဆိုင်ဆိုင် လှပါဘိ။

* "ကထိနစီဝရ"အလှူတော်
နတ် လူ သာခုခေါ်။
ရှင်တော်ဘုရား ဂုဏ်ရည်ပွား
မသိုးသင်္ကန်း ကပ်လှူခြား။

* မဲဇလီဖူးများ ဝေသော်
ဆေးပေါင်းခတယ်နော်။
ကျီးမနိုးပွဲတော် ပုံသက္ကပစ်
ကုသိုလ်ဒါနဖြစ်။

* အပြစ်ရှိတဲ့ အဇာတသတ်မှာ
သာမညဖလ တရားနာ။
တန်ဆောင်မုန်းမှာ မီးထွန်းပွဲ
စတုဒိသာ ကျွေးမွေးမြဲ
ကုသိုလ်ပါဝင်နွဲ။ ။

ရွှေမင်းသား(စစ်ကိုင်း)

# လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**ကသာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း တို့ ပူးပေါင်းကာ စာပေဖတ်ရှု သည့်အလေ့အထကောင်းများ ရရှိ စေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် ရည်ရွယ်၍ စာရေးဆရာ လယ် တွင်းသားစောချစ် ရေးသားသည့် 'သမိုင်းမှပေးသော အတွေးအမြင်' ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်စောကလျာက စာဖတ် ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ လယ်တွင်းသားစော ချစ်ရေးသားသည့် 'သမိုင်းမှပေး သော အတွေးအမြင်'ဆောင်းပါး တွင်ပါရှိသည့်အကြောင်းအရာများ ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကသာမြို့နယ် (Book Club) အဖွဲ့ဝင် မောင်သူ ရစံ၊ မဇင်မာဇော်၊ ဒေါ်ချိုချိုပြုံး မြင့်နှင့် တက်ရောက်လာကြ သော စာပေချစ်မြတ်နိုးသူများက ဆောင်းပါးနှင့်ပတ်သက်၍ မိမိ တို့၏ အတွေးအမြင် ရသများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘ မောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိအိဖြိုး တို့က 'သမိုင်းမှပေးသော အတွေး အမြင်'ဆောင်းပါးအပေါ် သုံးသပ် ဆွေးနွေးကြခြင်းဖြင့် အသိအမြင် များ တိုးတက်လာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး အနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်ကြောင်းနှင့် မိမိ တို့၏ လိုအပ်ချက်များကို သိရှိ လာပြီး ပြုပြင်ပြောင်းလဲဆောင် ရွက်သွားကြရန် တိုက်တွန်းကြောင်း တို့ကို ဖြည့်စွက်ဆွေးနွေးခဲ့ကြ သည်။

ကသာခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကသာမြို့နယ် စာရေး ဆရာအသင်း၊ (Book Club) အဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူ များနှင့် ပူးပေါင်း၍ လူထုအခြေ ပြုဗဟိုပြုဌာန (Community Centre)ခန်းမတွင် စာဖတ်ဝိုင်း ကို လစဉ်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – * – * – *



# စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**သရက် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့မိ၊ မြို့ဖများ၏ စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက သရက်မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်၍ သရက်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကျောင်းဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဒုဥက္ကဋ္ဌ မန်ကျည်းရုံကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓသာရ (ကထိန်ခံကျောင်းဆရာတော်)ထံ ကထိန်လျာဥတ်သင်္ကန်း လှူဒါန်းခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ အထွေထွေအသုံးစရိတ် အလှူငွေကျပ် ၂၅ သိန်း၊ ယဉ်ကျေးလိမ္မာသင်တန်းအတွက် အလှူငွေကျပ် ၁၀ သိန်းအား စိုက်ထူလှူဒါန်းသည်။

ထို့နောက် ကထိန်အာနိသင် ရရှိသည့် ကျောင်းထိုင်ဆရာတော်အား အလှူငွေကျပ် သိန်း ၃၀နှင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အလှူပဒေသာပင်အား ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာတော် ၁၉ ပါးအား ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများမှ စုပေါင်းလှူဒါန်းသော ပဒေသာပင်များအား မဲနှိုက်၍ဆက်ကပ်လှူဒါန်းကြပြီး သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ဆက်လက်ပြီး ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော် ချီးမြှင့်ပေးပြီးနောက် သရက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌမင်းကျောင်းဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒထံမှ ကထိန်အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုဖြစ်သည့် ငွေကျပ် ၂၅၂ သိန်းကျော်အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**



# ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ခင်းကျင်းလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၄**

အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းအေးသာစံ)မိသားစု၏ ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် လှူဒါန်းခြင်းကို အောက်တိုဘာ ၃၁ နံနက်ပိုင်းက အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း (ချမ်းအေးသာစံ)တွင် ကျင်းပသည်။

မဟာဘုံကထိန်ပွဲသို့ ကထိန်ခင်းကျင်းမည့် သာခိုတောင်တန်းစိတ္တသုခကျောင်းမှ သံဃာတော်ငါးပါး ကြွရောက်တော်မူကြပြီး အောင်ပန်းမြေကိုယ်ပိုင်ကျောင်း ကျောင်းကော်မတီဥက္ကဋ္ဌ ဦးရန်အောင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ထံမှ ကျောင်းကော်မတီဥက္ကဋ္ဌနှင့်အတူ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ကျောင်းကော်မတီဥက္ကဋ္ဌနှင့် ကျောင်းပေါင်းကျောင်းအုပ်ကြီးတို့က ကထိန်လျာသင်္ကန်းအား စိတ္တသုခကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ကထိန်အလှူတော်အဖြစ် ငွေကျပ်သိန်း ၂၀၊ သင်္ကန်းနှင့် ပရိက္ခရာများ စသော လှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် ခုနစ်သိန်းကျော်နှင့် ပင့်သံဃာငါးပါးအား တစ်ပါးလျှင် ငွေကျပ် ၅၀၀၀၀ စီ၊ စုစုပေါင်း ငွေပဒေသာပင်နှင့် ပစ္စည်းပဒေသာပင် လှူဖွယ်ဝတ္ထုအစုစု တန်ဖိုး ငွေကျပ် သိန်း ၃၀ ကျော်ကို လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ယင်းနောက် အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းအေးသာစံ)၏ ကျောင်းရုံးခန်းအတွင်း အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခဲ့ကြပြီးနောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အဖြစ် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအား ကြာဆံဟင်းဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (မန္တလေးနေ့စဉ်-၆)**

# မဟာမြိုင်ဘုံဆွမ်းလောင်းအသင်း (၃၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၃၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ပဲနပ်၊ ချဉ်ပေါင်ရွက်မျှစ်ကြော်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး စာရေးတံမဲ ၂၂ မဲနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၈၀,၀၀၀ နှင့် သင်္ကန်း ၁၄ စုံ တို့ကို ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုမော်(ပီတိသုခမိသားစု)၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဇာတိုင်းပြည်မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင် (ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးမောင်မောင်ဦးအား ရည်စူး၍ ဒေါ်မိမိသိန်းနှင့် သား၊ သမီး၊ မြေးတစ်စုက သင်္ကန်း၊ထီး၊ နေကာထိုင်၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်မိသားစု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(မိုးပန်တော်ဦး အမျိုးသမီးအဆောင် မိသားစု)၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ သား၊သမီး၊မြေးတစ်စု၊ (Golden Key Cafe မိသားစု)၊ ဆရာတော် ဘဒ္ဒန္တကုသုမ(နန်းဦးတိုက်၊ ဝါဆိုကျောင်း)က စာရေးတံမဲ ၁၀ မဲနှင့် နဝကမ္မဝတ္ထုငွေကျပ် ၅၀,၀၀၀၊ ဦးဆွေနိုင်ကို မိသားစု၊ ဦးမျိုးသန့်ဇင်+ဒေါ်စန္ဒာမင်း မိသားစုက သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် ငွေကျပ် ၁၀၀၀ စီ၊ ဂလုရောင်းဝယ်ရေးမိသားစုတို့က ငွေကျပ် ၅၂,၀၀၀ နှင့် ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၀)**



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၄**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်ကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဘိုးဘွားမိဘများနှင့် အစ်ကို၊အစ်မတို့အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဦးစိုးသိန်း+ဒေါ်အမာစိန်နှင့် သား၊ သမီး၊ မြေးတစ်စု (စွယ်တော်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်၂၅သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**PNT**



# ကျောင်းပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေလှူဒါန်း



**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဆရာတော် ဘဒ္ဒန္တတိက္ခ ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သည် ဗုဒ္ဓဘာသာအရှည်တည်တံ့စေရန် ရည်မျှော်လျက် ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ထဝိုင်းထေရဝါဒ သာသနာပြုကျောင်း ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို မ,တည်ပေးလှူရာ ထဝိုင်းထေရဝါကျောင်း ဆရာတော် ဘဒ္ဒန္တဇဝနက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များအနေဖြင့် လှူဒါန်းကုသိုလ်ပြုလိုပါက ဖုန်း ၀၉-၈၇၅၇၆၄၃၂၃၊ ၀၉-၄၀၂ ၆၉၂၅၂၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၉)**

# မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းလုပ်ငန်းများ

အောင်စိုး(လူမှုဝန်ထမ်း)

(၁၇-၁၀-၂၀၂၅)ရက် သောကြာနေ့က လမ်း ၃၀၊ ၆၃လမ်းထောင့်ရှိ တိုင်းလူမှုဝန်ထမ်းရုံးတွင် ကျင်းပသော လူမှုဝန်ထမ်းမိသားစုဘုံကထိန်သို့ သွားရောက်ခဲ့ပါသည်။ မိမိတို့ အလုပ်စတင်ဝင်ရောက်စဉ် မတိုင်မီကတည်းက နှစ်စဉ်မပြတ် ပြုလုပ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ဝန်းကျင်ရှိခဲ့ပြီဟု ခန့်မှန်းမိပါသည်။

မန္တလေးတိုင်းဒေသကြီး၊ တိုင်းလူမှုဝန်ထမ်းရုံး၊ တိုင်းဦးစီးမှူးအဆက်ဆက် ကထိန်ကျင်းပပြုလုပ်တိုင်း ပင်စင်စား အငြိမ်းစားဝန်ထမ်းများကို ဖိတ်ကြားလေ့ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးအနေဖြင့် တိုင်းလူမှုဝန်ထမ်းရုံး၏ အုပ်ချုပ်မှုအောက်တွင် သင်တန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများသာမက ဖွဲ့စည်းပုံအသစ်များ တိုးချဲ့လာမှုကြောင့် ခရိုင်လူမှုဝန်ထမ်းများပါ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများ များပြားလာသကဲ့သို့ ဖွဲ့စည်းပုံတိုးချဲ့လာမှုကြောင့် ဝန်ထမ်းအင်အားလည်း များပြားခဲ့ပါသည်။

မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူမှုဝန်ထမ်းလုပ်ငန်းများ (Social Welfare Services)ကို ဖော်ပြရလျှင် -

**(၁) ကလေးပြုစုရေးဌာန**

မွေးစမှ အသက် ရှစ်နှစ်အထိ မိဘမဲ့ကလေးများကို ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း ဖြစ်ပါသည်။ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၆၃လမ်းထောင့်တွင် တည်ရှိပါသည်။

**(၂) လူငယ်သင်တန်းကျောင်း**

(က) ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးသူငယ်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ် အသက် ရှစ်နှစ်မှ ၂၀နှစ်အထိ ထိန်းသိမ်းစောင့်ရှောက်ထားရှိပါသည်။ အောင်မြေသာစံမြို့နယ်၊ ၇၃လမ်းနှင့်၁၂လမ်းထောင့်တွင် တည်ရှိပါသည်။



(ခ) မန္တလေးလူငယ်သင်တန်းကျောင်းတွင် ခွင့်ပြုကလေးဦးရေထက် ကျော်လွန်နေသဖြင့် (၁-၄-၂၀၂၀)ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ်ကျေးရွာတွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ (၁၆-၁၀-၂၀၂၀)ရက်တွင် ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

**(၃) အမျိုးသမီးကလေးများသင်တန်းကျောင်း**

ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော အသက် ရှစ်နှစ်မှ ၁၈နှစ်အထိ အမျိုးသမီးငယ်ရွယ်သူများကို စောင့်ရှောက်ထားရှိပါသည်။ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၆၄လမ်းထောင့်တွင် တည်ရှိပါသည်။

**(၄) အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန**

အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ အသက် ၁၈ နှစ်ပြည့်ပြီး လွဲပို့သူများနှင့် အသက် ၁၈နှစ်အထက် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးများကို လက်ခံစောင့်ရှောက်ထားရှိပါသည်။ ချမ်းအေးသာစံမြို့နယ်၊ ၆၄လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြားတွင် တည်ရှိပါသည်။

**(၅) အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း**

ကာကွယ်စောင့်ရှောက်မှုလိုအပ်သော အမျိုးသမီး ငယ်ရွယ်သူများ၊ ကလေးသူငယ်တရားရုံးမှ ပို့အပ်သော အသက် ၁၈နှစ်အောက် အမျိုးသမီးငယ်ရွယ်သူများကို ထိန်းသိမ်းစောင့်ရှောက်ထားရှိပါသည်။ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ (ရွှေကျင်)တွင် တည်ရှိပါသည်။

**(၆) နားမကြားသောကလေးများကျောင်း**

အကြားအာရုံ မသန်စွမ်းသူများအတွက် အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ အသက် ခြောက်နှစ်မှ ၁၈နှစ်အတွင်းရှိ ကိုယ်စိတ်ကျန်းမာသည့် လူမျိုးဘာသာမရွေးသော အကြားအာရုံမသန်စွမ်းသူများကို အခမဲ့ကျောင်းအိပ်၊ ကျောင်းစား လက်ခံသင်ကြားပေးပါသည်။ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ စစ်ကိုင်းလမ်းခွဲတွင် တည်ရှိပါသည်။

**(၇) မသန်စွမ်းသက်ငယ်သင်တန်းကျောင်း**

ဉာဏ်ရည်မသန်စွမ်းကလေးများနှင့် ကိုယ်အင်္ဂါမသန်စွမ်းကလေးများအား ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ Activities of Daily Living-ADL ကို ကိုယ်တိုင်လုပ်ဆောင်တတ်စေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုနယ်ပယ် ငါးရပ်ပေါ်မူတည်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ၂၆ဘီလမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ အောင်မြေသာစံမြို့နယ်တွင် တည်ရှိပါသည်။



**(၈) အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း**

အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင် ရပ်တည်နေထိုင်နိုင်ရန်နှင့် စီးပွားရေးစွမ်းဆောင်ရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ အောင်မြေသာစံမြို့နယ်၊ ၈၃လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြားတွင် တည်ရှိပါသည်။

**(၉) ပြန်လည်ထူထောင်ရေးစခန်း**

မူးယစ်ဆေးစွဲလူငယ်များသည် မူးယစ်ဆေးစွဲရောဂါကုဆေးရုံ (မန္တလေး)တွင် ဆေးကုသမှုခံယူပြီးပါက မိမိဆန္ဒအလျောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်လိုသူများကို စိတ်ပိုင်းဆိုင်ရာကုစားမှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ သို့ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနအောက်မှ ပြန်လည်ထူထောင်ရေးဦးစီးဌာနအောက်သို့ ပြင်ဆင်ဖွဲ့စည်းလွှဲပြောင်းဆောင်ရွက်ခဲ့ပါသည်။ အောင်မြေသာစံမြို့နယ်၊ ၇၃လမ်း၊ ၁၀လမ်းနှင့်၁၂လမ်းကြားတွင် တည်ရှိပါသည်။

(ယခင်က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူမှုဝန်ထမ်းလုပ်ငန်းတစ်ရပ်အနေဖြင့် တည်ရှိခဲ့မှုကို ဖော်ပြခြင်းသာဖြစ်ပါသည်။)

**(၁၀) မူလတန်းကြိုကျောင်းများ**

အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် မန္တလေးမြို့ပေါ်တွင် မူလတန်းကြိုကျောင်းများကို အောက်ပါအတိုင်း ဖွင့်လှစ်လျက်ရှိပါသည် -

(က) မူလတန်းကြိုကျောင်းအမှတ်(၁)

ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၆၈လမ်းနှင့်၆၉လမ်းကြားတွင် တည်ရှိပါသည်။

(ခ) မူလတန်းကြိုကျောင်း အမှတ်(၂)

ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်တွင် တည်ရှိပါသည်။

(ဂ) ပြည်ကြီးကျက်သရေ မူလတန်းကြိုကျောင်း



အောင်မြေသာစံမြို့နယ်၊ ၈၀လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြားတွင် တည်ရှိပါသည်။

(ဃ) ဒေးဝန်းမူလတန်းကြိုကျောင်း

ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းရပ်ကွက်တွင် တည်ရှိပါသည်။

(င) ချမ်းမြသာစည် မူလတန်းကြိုကျောင်း

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်တွင် တည်ရှိပါသည်။

ဖော်ပြပါလုပ်ငန်းများသည် လူမှုဝန်ထမ်းအားလုံးတွင် အကျုံးဝင်သည့် လူမှုရေးလုပ်ငန်းများ၊ Social Services များပင် ဖြစ်ပါသည်။ မန္တလေးမြို့တွင် အဆိုပါလုပ်ငန်းများရှိခြင်းသည် ဆီလျော်သင့်မြတ်လှပါသည်။

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းမိသားစုမှ ကျင်းပပြုလုပ်သော ဘုံကထိန်တော်သည် အဆိုပါ ဌာန၊ ကျောင်းများရှိ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူတို့၏ အလှူတော်မင်္ဂလာပင် ဖြစ်ပါသည်။

မိမိအနေဖြင့် ကထိန်အလှူကို အကြောင်းပြု၍ မန္တလေးမြို့ပေါ်တွင် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများအကြောင်း မျှဝေခြင်းသာ ဖြစ်ပါသည်။

လူမှုဝန်ထမ်းလုပ်ငန်း Social Services သည် ကိုယ်ဝန်ဆောင်သန္ဓေတည်ကတည်းကမှ အိုမင်းမစွမ်းအရွယ်အထိ အရွယ်သုံးပါးလုံး၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို အစိုးရကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ၁၉၅၃ ခုနှစ်မှ စတင်ခဲ့သဖြင့် နှစ် ၇၀ ကျော်လွန်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲခြားပါက -

- ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
- ကလေးနှင့်လူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း
- အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
- မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း
- သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း
- လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတို့ကို သိရှိရပါသည်။

များပြားလှသော လူမှုဝန်ထမ်းလုပ်ငန်းများတွင် ကျရာတာဝန်အလိုက် ပါဝင်ထမ်းဆောင်ခဲ့ကြသည့် လူမှုဝန်ထမ်းအငြိမ်းစားဝန်ထမ်းများ၏ တွေ့ဆုံခွင့်ရရှိမှုနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော လုပ်ဖော်ကိုင်ဖက်များ၊ တပည့်ဝန်ထမ်းများနှင့်ပါ ဆုံစည်းခွင့်ရရှိမှုအတွက် ပီတိဖြစ်ရပါသည်။

ယခုကဲ့သို့ ဆုံစည်းခွင့်ရရှိရန် ဖိတ်ကြားခဲ့သော မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း တိုင်းဦးစီးမှူးနှင့် လူမှုဝန်ထမ်းမိသားစုများကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လျက် နောင်နှစ်များတွင်လည်း သက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုလျက် နိဂုံးချုပ်အပ်ပါသည်။

**ကိုးကား** - လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၇၀)ပြည့်သမိုင်းမှတ်တမ်း။



## စူဠာမဏိဘုရားမှ ထိုင်တော်မူဆင်းတုတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း စတင်

**ညောင်ဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စူဠာမဏိဘုရားကြီးအနောက်ဘက်မုခ်အဝင် ထိုင်တော်မူ ဆင်းတုတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များ၊ ရွှေစည်းခုံဘုရား၊ စူဠာမဏိဘုရားဂေါပကအဖွဲ့ဝင်များက ရွှေသင်္ကန်းစတင်ကပ်လှူပူဇော်ခဲ့ကြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စူဠာမဏိဘုရားကြီးသည် ညောင်ဦးမြို့၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိပြီး နရပတိစည်သူမင်းကြီးက အေဒီ ၁၁၈၃ ခုနှစ်တွင် တည်ထားခဲ့ကြောင်း၊ အခြေခံပန္နက်ပုံစံအရ သဗ္ဗညုဘုရားနှင့်ဆင်တူပြီး လေးမျက်နှာ အာရုံခံမုခ်များဖြင့် တည်ဆောက်ထားကာ အရှေ့ဘက်အာရုံခံမှာ ပိုမိုကျယ်ပြန့်သည့် လိုဏ်နှစ်ဆင့်ဂူဘုရားတစ်ဆူဖြစ်သည်။ စေတီတော်၏ ပစ္စယာအဆင့်ဆင့်ရှိ စိန်တန်းများတွင် လှပတင့်တယ်သော စဥ့်ဝါနှင့်စဥ့်စိမ်းရောင် စဥ့်ကွက်စဥ့်ပန်းများဖြင့် မွမ်းမံခြယ်လှယ်ထားသည်။ **(အပေါ်ပုံ)**

ဗဟိုမဏ္ဍိုင်ပတ်လည် စင်္ကြံပေါင်းကူးများ တည်ဆောက်စဉ်ကာလက ခေတ်ပြိုင်နံရံပန်းချီလက်ရာများကို မြင်တွေ့လေ့လာနိုင်ပြီး ထိုပုဂံခေတ်လက်ရာ နံရံပန်းချီများပေါ်တွင် ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်းလက်ရာနံရံပန်းချီများ ထပ်မံရေးဆွဲထားသည်ကို တွေ့ရှိလေ့လာနိုင်သည်။ အဆောက်အအုံ တစ်ခုလုံး၏ အတွင်းပိုင်းအား အလင်းပေါက်များမှ အလင်းပေးမှုစနစ်ကို တွေ့မြင်နိုင်ပြီး ကျောက်စာနှင့် မင်စာအချို့ကိုလည်း လေ့လာတွေ့ရှိနိုင်ကြောင်း သိရသည်။

(၄၈၁)

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးကော်မတီ ငွေစာရင်းရှင်းလင်း ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးကော်မတီမှ ငွေစာရင်းရှင်းတမ်းဖတ်ကြားရှင်းလင်းခြင်းနှင့် မန္တလေးတက္ကသိုလ်အငြိမ်းစားဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်းပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ Hotel Hazel ခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးကော်မတီဂုဏ်ထူးဆောင်နာယက ဝဏ္ဏကျော်ထင်၊ သီရိပျံ့ချီ ဦးမောင်ကိုက အမှတ်တရစကားကိုလည်းကောင်း၊ နာယကဒေါက်တာမောင်သင်းနှင့် ဦးတင်မောင်တို့က ဂုဏ်ယူဝမ်းမြောက်စကားကို လည်းကောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းဆွေက ရ/သုံးငွေ စာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားခဲ့သည်။

ထို့နောက် နာယကပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်က မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲနှင့် ဘာသာရပ်ပေါင်းစုံ အာစရိယပူဇော်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။



ဆက်လက်၍ မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးကော်မတီမှ အငြိမ်းစားဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေကျပ်သိန်း ၆၆၆ သိန်း လှူဒါန်းရာ နာယကဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းတို့က လက်ခံရယူကြပြီး လှူဒါန်းကြသော မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအား ကျေးဇူးတင်စကားပြောကြားခဲ့ကြကြောင်း သိရသည်။

(ဝ၄၅)

## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ပူတာအို နိုဝင်ဘာ ၅**

ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဌာနပိုင်လယ်မတ်ပန်ကွင်းအတွင်း မိုးစပါးဆင်းဇကရီ-၃ မျိုးစေ့ထုတ်စိုက်ခင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး အဆိုပါစိုက်ကွက်ကို စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧကအထွက်နှုန်း အစို ၁၀၇ တင်းနှုန်း ထွက်ရှိသည်။



ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက အဆိုပါ စိုက်ပျိုးရေးဦးစီးဌာန ဌာနပိုင်လယ်မတ်ပန်ကွင်းအတွင်း မိုးစပါးဆင်းဇကရီ-၃ မျိုးစေ့ထုတ်စိုက်ခင်းအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဆောင်းသီးနှံ စိုက်ခင်းများအနီး ပျားရည်စုဆောင်းမှုရာသီ စတင်

နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ဆောင်းသီးနှံစိုက်ခင်းများအနီးတွင် ပျားရည်စုဆောင်းမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပျားမွေးသူများထံမှ သိရသည်။

နှစ်စဉ် ပျားရည်စုဆောင်းမှုကို နိုဝင်ဘာ၊ ဒီဇင်ဘာတို့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးသည့် စိုက်ခင်းများတွင် အဓိက ပျားရည်စုဆောင်းမှုကို မတ်လကုန်အထိ ပြုလုပ်ကြသည်။



ပျားရည်စုဆောင်းနိုင်ရန်အတွက် ပျားရာသီအစ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာအထိ ပျားအကောင်မွေးမြူစုဆောင်းချိန်ဖြစ်ပြီး အောက်တိုဘာ၊ နိုဝင်ဘာတွင် စတင်ကာ ပျားရည်စုဆောင်းခြင်းဖြစ်ကြောင်း ပျားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပျားရာသီရောက်လျှင် ပျားအုံချမည့် ကျေးရွာစိုက်ခင်းပိုင်ရှင်များနှင့် အစည်းအဝေးထိုင်ပြီး ပျားအုံများချသည့်အတွက် ကျေးရွာရန်ပုံငွေကို လှူဒါန်းခြင်း၊ စိုက်ခင်းရှင်များကို ပျားပုံးအရေအတွက်အတိုင်း အခကြေးငွေပေးရခြင်းများရှိသည်။ ပျားပုံးချခများ ပုံသေသတ်မှတ်ဈေးနှုန်းမရှိဘဲ ညှိနှိုင်းကြကြောင်း သိရသည်။

စိုက်ခင်းများအနီးတွင် ပျားပုံးများ လာရောက်ချထားခြင်းဖြင့် စိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ပိုးမွှားကျရောက်မှုကို သဘာဝနည်းဖြင့် ကာကွယ်ပြီးဖြစ်၍ အပင်ဝတ်မှုန်ကူးခြင်းကို ကူညီရာရောက်သဖြင့် ပျားရည်ထုတ်လုပ်သူများနှင့် စိုက်ခင်းရှင်များ အပြန်အလှန် အကျိုးပြုနေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် လိုင်စင်ရ ပျားမွေးမြူသူ ၉၀၀ ကျော်ရှိပြီး ပျားအုံပေါင်း နှစ်သိန်းကျော်ဖြင့် ပျားရည်ထုတ်လုပ်လျက်ရှိကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောပျားရည်အမျိုးအစားများမှာ နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုင်ချီးပျားရည်၊ ရော်ဘာပျားရည်တို့မှာ လအလိုက်၊ ရာသီအလိုက် ထွက်ရှိလျက်ရှိသည်။

ပျားမွေးမြူရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးမွေးမြူလျက်ရှိသည်။

မြန်မာ့ပျားရည်ကို ပြည်တွင်းတိုင်းရင်းဆေးအဖြစ် အသုံးပြုခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ပျားရည်ထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ ရရှိနေသည်။ နှစ်စဉ် ပျားရည်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ရောင်းချနေရာ ပျားရည်တန်ချိန် ၃၀၀၀ ကျော်ခန့် တင်ပို့နိုင်ရာ ဒေါ်လာ ခြောက်သန်းနီးပါး ဝင်ငွေရရှိထားသည်။

လက်ရှိ မြန်မာ့ပျားရည် တစ်တန်ပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၅၀၀- ၃၀၀၀ ခန့် ရှိနေသည်။

မြန်မာနိုင်ငံမှ နှစ်စဉ် ပျားရည်တန်ချိန် ၇၀၀၀ ခန့်ထွက်ရှိပြီး နှစ်စဉ် ပျားရည်တန်ချိန် ၃၀၀၀ ခန့်ကို တင်ပို့ရောင်းချလျက်ရှိရာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူနှင့် ဥရောပဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

## တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရားများတွင် ဆီမီးပူဇော်



**ညောင်ဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီပုထိုးများအား တန်ဆောင်မုန်းလပြည့်နေ့ ည ၇ နာရီမှ စတင်က ရွှေစည်းခုံဘုရားကြီးနှင့် သမိုင်းအထင်ကရဘုရားများတွင် ဆီမီးပူဇော်ခဲ့ကြသည်။

ထိုသို့ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီ၊ ပုထိုးများကို ဆီမီးပူဇော်ခဲ့ကြပြီး ဘုရားနီ၊ အင်ကြင်းဂူ၊ အလိုတော်ပြည့်၊ စိုးမင်းကြီးအုတ်ကျောင်းရှိ ပတ်ဝန်းကျင် ဘုရားများ၊ အပယ်ရတနာ ပတ်ဝန်းကျင်ရှိ ဘုရားများ၊ ရွှေဆံတော်ပတ်ဝန်းကျင်ရှိ ဘုရားများ၊ အနော်ရထာလမ်းမကြီး ဘေးဘက်ဝဲ၊ ယာရှိ ဘုရားများကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများက ဆီမီးများပူဇော်ခဲ့ကြခြင်း ဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဂေါပကအဖွဲ့ရှိသော ဘုရား ၁၈ ဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညု၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ ရွှေဆံတော်၊ ဓမ္မရာဇက၊ မနုဟာ၊ မြစေတီ၊ တုရင်တောင်၊ ငကပ်ပတ်တောင်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ပြဿဒ်ကြီးဘုရားများတွင်လည်း ဆီမီးပူဇော်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းအချိန်မှစတင်ကာ မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုများ၊ ဒေသခံများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် အစဉ်အလာမပျက် ဆီမီးပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၈၁)



## တန်ဆောင်မုန်းလပြည့်နေ့ စတုဒိသာနိဗ္ဗာန်ဈေး အလှူတော်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ စတုဒိသာ နိဗ္ဗာန်ဈေးအလှူတော်ပွဲကို မူလဓာတ်တော်စေတီတော်နှင့် မဏီပဗ္ဗတရတနာပေါင်းချုပ်စေတီတော်ရှေ့၌ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက စတင်၍ ကျင်းပခဲ့သည်။

စတုဒိသာ နိဗ္ဗာန်ဈေးအလှူတော်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးထမ်းအစဉ်အလာများဖြင့် ဆင်ပေါင်ဝဲမြို့မှ ဈေးသူ၊ ဈေးသားများနှင့် အလှူရှင်များစုပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ထိုစတုဒိသာ နိဗ္ဗာန်ဈေးအလှူတော်ပွဲတွင် မြို့ပေါ်ရပ်ကွက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များမှ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများနှင့် အသင့်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာမျိုးစုံ လာရောက်ကျွေးမွေးလှူဒါန်းကြရာ မြို့နယ်ပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူကြီး၊ လူငယ်အရွယ်စုံ စည်ကားသိုက်မြိုက်စွာ မြန်မာ့ရိုးရာဓလေ့ ပွဲတော်ကို လာရောက်ဆင်နွှဲခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါစတုဒိသာ နိဗ္ဗာန်ဈေး အလှူတော်ပွဲတွင် ဆင်အကအလှများဖြင့် ဖျော်ဖြေခြင်း၊ မီးပုံးပျံလွှတ်ခြင်းနှင့် အနုပညာတေးဂီတ ဖျော်ဖြေပွဲများဖြင့် ညှို့ခံဖျော်ဖြေကြပြီး လာရောက်နွှဲပျော်ကြသည့် မြို့နယ်နေ ပြည်သူများနှင့် အနီးကျေးရွာနေ ပြည်သူများဖြင့် စည်ကားလျက်ရှိရာ ထိုပွဲတော်သည် ဆင်ပေါင်ဝဲမြို့၏ မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အောင်နိုင်တိုးစပါးမျိုး (YSR-1) မျိုးစေ့ထုတ်ကွက် အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော အောင်နိုင်တိုးစပါးမျိုး (YSR-1) မျိုးစေ့ထုတ်ကွက် အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

"ကျွန်တော် မိုးစပါးအဖြစ် ဧရာမင်းစပါးမျိုးကို အဓိကထားပြီး စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ နည်းပညာအကူအညီနဲ့ အောင်နိုင်တိုးစပါးမျိုး (YSR-1) မျိုးစေ့ထုတ်လုပ်ဖို့အတွက် ပြောင်းလဲစိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ရှမ်းစုကျေးရွာ စပါးစိုက်တောင်သူက ပြောသည်။

အဆိုပါ စပါးမျိုးသည် သက်လျင်၊ သက်လတ်မျိုးဖြစ်ပြီး အထွက်နှုန်းကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်သားကြည်လင်ခြင်း၊ ပိုးမွှားဒဏ်အသင့်အတင့် ခံနိုင်ခြင်း၊ နွေမိုးစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း၊ တောင်သူများအား မျိုးစေ့ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧကလျာထားပြီး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန စာရင်းများအရ သိရသည်။

(၄၈၀)



## ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပ

**အောင်လံ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော် မင်္ဂလာပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့ တရော်ကုန်းရပ်ကွက်၊ အောင်မြေရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး ဘုရားအမှူးရှိသော သံဃာတော်များအား သြကာသကန်တော့ချီဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ဆားတည်းအင်္ဂကျောင်းဆရာတော် ဘဒ္ဒန္တ တိက္ခညာဏထံမှ ရှစ်ပါးသီလခံယူ တည်ဆောက်ခဲ့ကြသည်။

ထို့နောက် အောင်လံမြို့နယ် သန္တိသုခသိမ်ကျောင်းတိုက်၊ ဉာဏသမ္ဘောဓိကျောင်းတိုက်၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်တို့မှ ဆရာတော်များနှင့် ကျန်ပင့်သံဃာရှစ်ပါးတို့အား ကထိန်လျာသင်္ကန်းများကို ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာဝန်ထမ်းများမှ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းရာ လှူဒါန်းငွေစုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၂၄၇၂၂၈၀၀ အား ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပင့်သံဃာဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အောင်လံမြို့နယ်၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ကထိန်အနုမောဒနာ တရားနာယူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချခဲ့ရာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ပြီး အခမ်းအနားသို့ စုစုပေါင်းပရိသတ် အင်အား ၂၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**



## အခြေခံကျန်းမာရေးအထွေထွေရောဂါကုသခြင်းနှင့် အရိုး၊ အကြော၊ အဆစ်ရောဂါများ အခမဲ့စစ်ဆေးကုသပြီး X-Ray ရိုက်ပေး

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀လမ်း (မနော်ဟရီလမ်း)ထောင့်ရှိ KBZ Center Mandalayတွင် အခမဲ့ အခြေခံကျန်းမာရေးအထွေထွေ ရောဂါကုသခြင်းနှင့် အရိုး၊ အကြော၊ အဆစ်ရောဂါဝေဒနာကုသခြင်းနှင့် X-Rayအခမဲ့ရိုက်ကူးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အရိုး၊ အကြော၊ အဆစ် ရောဂါဝေဒနာစမ်းသပ်စစ်ဆေး ကုသခြင်းကို အရိုး၊ အကြော အထူးကုဆရာဝန်ကြီးဒေါက်တာ ဋ္ဌေးကြွယ်မှ စမ်းသပ်စစ်ဆေး ကုသပေးပြီး အခြေခံကျန်းမာရေး အထွေထွေရောဂါကုသပေးခြင်း ကို စင်တာရှိ ဆရာဝန်များမှ စမ်းသပ်စစ်ဆေးကုသပေးသည်။

KBZ Center Mandalay တွင် အရိုး၊အကြောရောဂါ ဝေဒနာများကို လာရောက်ကုသ လိုပါက အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း Call Center ဖုန်း ၀၉- ၉၄၁ ၆၀၀၉၉၉ သို့ ကြိုတင်စာရင်းပေး သွင်းနိုင်ပြီး စာရင်းလက်ခံရ ရှိသူများအနေဖြင့် အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း စင်တာရှိ ဆရာဝန်များနှင့် ရှေ့ဦး ပဏာမဆွေးနွေးတိုင်ပင်ပြီးမှသာ အရိုးအထူးကုဆရာဝန်ကြီးများ ဖြင့် ဆက်လက်ကုသမှုခံယူရ မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)** (၀၄၅)

## မြန်မာနှင့် တရုတ်နိုင်ငံအထည်အလိပ်နှင့် ချည်ထည်လုပ်ငန်းရှင်များပါဝင်မည့် ကုန်စည်ပြပွဲ ကျင်းပသွားမည်

**မန္တလေး နိုဝင်ဘာ ၅**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အထည်အလိပ်နှင့် ချည်ထည်လုပ်ငန်းရှင်များပါဝင်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၇ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ၊ အလားအလာရှိမည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ပြုလုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ကုန်စည်ပြပွဲတွင် အထည်ချုပ်ကဏ္ဍအတွက် လိုအပ်သော ထုတ်ကုန်နှင့် ဆက်စပ် ကုန်စည်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အထည်အလိပ် ထုတ်ကုန်ပစ္စည်းနှင့် စက်ပစ္စည်းများ၊ Local MSMES and Made in Myanmar Product များ၊ အထည်ချုပ်စက်ရုံများ အတွက် Sewing Motors များ၊ အထည်အလိပ်လုပ်ငန်းသုံး Accessories & Raw Materials ၊ အဝတ်အထည်သုံး Tags, Pricing Tags, Printing & Trim Accessories, Design & Pattern ထုတ်လုပ်သည့် Printing and Machinery များကို ပြသသွားမည်ဖြစ်သည်။

ပြပွဲအား ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ Yangon Convention Center (YCC) တွင် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

# သတိတရ လွမ်းတသသ

(၂၄-၁၀-၂၀၂၅)ရက် စာမျက်နှာ (၁၆)မှအဆက်

ကျွန်တော်က ရွာပြန်ချင်တာပဲ သိသည်။ ရွာကိုလွမ်းတာပဲ သိသည်။ အဖေ၊ အမေနဲ့ ဆွေမျိုးများကို တွေ့ချင်တာပဲ သိသည်။ ရွာကို အမြန်ပြန်ရောက်ချင်သည်။ ကျန်တာ ဘာမှမသိ။ အမေကြီးက နောက်တစ်နေ့မှ သွားဖို့ပြောတဲ့အခါ ကျွန်တော် တရှုပ်ရှုပ်နှင့် ငိုကြွေးလေတော့သည်။ ကျွန်တော် ငိုနေတာကို ကြည့်ပြီး အမေကြီးခမျာ စိတ်မကောင်းဖြစ်ရရှာသည်။ အမေကြီး ဘယ်လိုပြောပြော ကျွန်တော်က အငိုမရပ်။ နောက်ဆုံး အမေကြီးက ဦးပဥ္စင်းကြီးတစ်ပါးအား ကားဂိတ်သို့ လိုက်ပို့ပေးဖို့ လျှောက်ထားခဲ့ရသည်။ ကားဂိတ်တွေက သကျသီဟဘုရားနားမှာရှိသည်။ ကျွန်တော်တို့ကိုယ်တိုင် ကားဂိတ်သို့ မသွားတတ်သေးပေ။ ဦးပဥ္စင်းကြီးက ကျွန်တော်တို့အား "ဝင်း" ကားဂိတ်သို့ ပို့ပေးပြီး ပြန်ကြွသွားသည်။ "ဝင်း" ကားအသင်းသည် မြင်းခြံ-မန္တလေး ပြေးဆွဲနေသော ကားအသင်းဖြစ်သည်။ ယာဉ်စီးခနှုန်းမှာ ၁၅ ကျပ်ဖြစ်သည်။ ဂိတ်က ကားစထွက်တော့ ၁၁ နာရီခွဲကျော်နေပြီ။ ကျွန်တော်နှင့်အတူ စာသင်ယူနေသော သူငယ်ချင်းတစ်ယောက်လည်းပါသည်။ သူက နွားထိုးကြီးမြို့မှာ ဆင်းရမည်။ နွားထိုးမြို့က မြင်းခြံ-မန္တလေးကားလမ်းပေါ်မှာ ပင်ရှိသောကြောင့် သူ့အတွက် အဆင်ပြေသည်။ ကျွန်တော်က မြင်းခြံဂိတ်ဆုံးအထိ စီးရမည်။ မြင်းခြံမှတစ်ဆင့် ဝဲလောင်ကားကိုစီး၍ ခရီးဆက်ရမည်ဖြစ်သည်။ မြင်းခြံမြို့ရောက်တော့ ညနေ ၅ နာရီလောက်ရှိနေပြီဖြစ်သည်။ ထိုစဉ်အချိန်က လမ်းပန်းဆက်သွယ်ရေးတွေ မကောင်းသေးသောကြောင့် မန္တလေးနှင့်မြင်းခြံကို ၅ နာရီကျော်ကြာမောင်းကြရသည်။ မြင်းခြံမြို့ရှိ ဝဲလောင်ကားဂိတ်တွင် ကားတစ်စီးမှ မရှိတော့။ ဆိုက်ကားသမားကို တောင်သာ-ဝဲလောင်ဘက်အထွက် ဒေသအခေါ် တောင်ဂိတ်သို့ လိုက်ပို့ခိုင်းရသည်။ ဆိုက်ကားခအဖြစ် တစ်ကျပ်ပေးရသည်။ တောင်သာဘက်အထွက် တောင်ဂိတ်တွင် ကားအလာကို စောင့်မျှော်နေကြသော ခရီးသည်များကို တွေ့ရသည်။ အတူခရီးသွားဖော်တွေကိုမြင်ရတော့ ကျွန်တော့်စိတ်ထဲတွင် အားရှိသလို ခံစားလိုက်ရသည်ကတော့ အမှန်ပင်ဖြစ်သည်။ ကားစောင့်နေရတာ ဘယ်လောက်ကြာပြီလဲလို့ မေးမြန်းစူးစမ်းကြည့်တော့ ညနေ ၃နာရီလောက်ကတည်းက ဖြစ်သည်ဟု ဆိုကြသည်။ သူတို့အား တင်ဆောင်မည့်ကားကို စောင့်မျှော်နေခဲ့ကြသည်မှာ အတော်ကြာခဲ့လေပြီ။ သူတို့ကားစီးရမည့်ခရီးစဉ်က သိပ်မဝေးပါ။ မြင်းခြံ-တောင်သာကြားရှိ ကျောက်ရေအိုးစင်အထိသာ ဖြစ်သည်။ ကျောက်ရေအိုးစင်က တစ်ဆင့် ရွာသို့ ခရီးဆက်ရန်အတွက် နွားလှည်းအကြိုထောက်၍ စောင့်နေမည်ဟု ဆိုသည်။ မိမိယာထွက်သီးနှံများကို မြင်းခြံသို့လာရောက်၍ စားသုံးဆီရအောင် ကြိတ်ခဲ့ကြခြင်းဖြစ်သည်။ တောင်သာ-မိတ္ထီလာ-ဝဲလောင်တို့သို့ သွားရောက်သော မည်သည့်ကားလာလာ သူတို့ သွားလိုသော ကျောက်ရေအိုးစင်သို့ ရောက်မည်ဖြစ်သည်။ ကျွန်တော့်အတွက် အခက်တွေ့လေပြီ။ ဝဲလောင်-ကျောက်ပန်းတောင်းသို့သွားသော ကားလာမှ ကျွန်တော့်အတွက် အဆင်ပြေမည်။ ဒါတောင် ဝဲလောင်နှင့် ကျွန်တော့်ရွာ အိုင်မဒေါင့်က ခြောက်မိုင်ဝေးသေးသည်။ ဝဲလောင်သို့ ရောက်လျှင်တော့ ကိစ္စမရှိ။ အမေ့ဘက်က တော်စပ်သော ဦးကြီးရှိသည်။ ဦးကြီးက ကျောင်းဆရာအလုပ် လုပ်ပြီး ဒေါ်ကြီးက ဈေးရောင်းသည်။ ဝဲလောင်မှာပဲ အိုးပိုင်၊ အိမ်ပိုင်နှင့် နေထိုင်ကြသည်။ ဝဲလောင်ရောက်လျှင် ကျွန်တော့်အတွက် ပူစရာမရှိ။ ကားကလည်း ယခုအချိန်ထိ တစ်စီးမှ ပေါ်မလာသေး။ ကျွန်တော်က အရွယ်ငယ်သေးခြင်းနှင့်အတူ တစ်ယောက်တည်း ခရီးသွားဖူးသွားစမရှိခြင်းက ပြဿနာ၏ အဖြေကို ရှာမရနိုင်ခဲ့။ တည်းခိုခန်းဝင်ရောက်တည်းခိုရမှန်း မသိသလို ဘုန်းကြီးကျောင်းသို့သွားရောက်ပြီး ညအိပ်တည်းခိုခွင့် လျှောက်ထားတောင်းခံရမှန်းလည်း နားမလည်ခဲ့။ ရွာကို ရောက်ချင်တာပဲ သိသည်။ ညနေ ၆နာရီလောက်တွင် မိတ္ထီလာသို့ သွားမည့် ဒိတ်ဆန်းကားတစ်စီး ရောက်လာသည်။ ထိုအချိန်က ဟိုင်းလတ်ကားများ မပေါ်သေးပါ။ ခရီးသည်တွေ ကုန်တွေအပြည့်နှင့် ဖြစ်သည်။ တောင်သာနှင့် ကျောက်ရေအိုးစင်သို့ လိုက်ပါမည့် ခရီးသည်များ ဆိုက်ရောက်လာသော ကားပေါ်သို့ သူ့ထက်ငါဦးအောင် ဖြစ်သလို တွယ်ကပ်ပြီး တက်ကြသည်။ ကားဂိတ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်နေသည်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ စိတ်ထဲမှာ အလိုလိုအားငယ်လာသည်။ ကျောက်ရေအိုးစင်သို့ဆင်းမည့် အဒေါ်ကြီးက ညှိုးငယ်နွမ်းလျနေသော ကျွန်တော့်ကိုကြည့်၍ စိတ်မကောင်းဖြစ်နေရှာသည်။ သူတို့ ရွာသို့ လိုက်ခဲ့ဖို့ခေါ်နေသည်။ ကားကလည်း ရှေ့ခရီးအတွက် ဆက်၍ ထွက်လာတော့မည့် ကားစပယ်ယာက ကျွန်တော့် ဆုံးဖြတ်ချက်ကို စောင့်နေသည်။ ၁၁ နှစ်အရွယ် ကလေးငယ်တစ်ယောက်ဖြစ်သော ကျွန်တော့်ကို ကားပေါ်တွင်ရှိသူများက ကရုဏာမျက်ဝန်းများဖြင့် ကြည့်နေကြသည်။ ကားဂိတ်မှာ တစ်ယောက်တည်း အားငယ်ပြီး ကျန်ခဲ့ရမှာနဲ့စာရင် အဒေါ်ကြီးတို့၏ ရွာသို့လိုက်သွားရတာက အဆင်ပြေလိမ့်မည်။ ကားခေါင်မိုးပေါ် တက်ထိုင်ရသည်။ အဒေါ်ကြီးတို့ရွာက စိန်ပန်းကျင်းရွာဖြစ်သည်။ ထိုနေ့ညက စိန်ပန်းကျင်းရွာရှိ အဒေါ်ကြီးအိမ်မှာ တည်းခိုအိပ်စက်ခဲ့ရပြီး နောက်တစ်နေ့နံနက်မှာ တောင်သာမြို့အထိ အဒေါ်ကြီးကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။ တောင်သာမြို့မှာ အဒေါ်ကြီးဆင်း၍ နေခဲ့သည်။ ကျွန်တော်က ရွာသို့ ခရီးဆက်ရန်အတွက် ကားဆက်စီးခဲ့ရသည်။ ဝဲလောင်အထိ ကားခကို အဒေါ်ကြီးကပင် စိုက်ထုတ်ပေးခဲ့သည်။ ယာဉ်စီးခနှုန်းမှာ ငွေနှစ်ကျပ်ဖြစ်သည်။ မစဉ်းစား မဆင်ခြင်ဘဲ ခရီးသွားမိခြင်း ဒုက္ခအတော်ကို ဆိုးလေသည်။ စေတနာမေတ္တာ ပြည့်ဝစွာနှင့် ကူညီစောင့်ရှောက်သူနှင့် တွေ့ခဲ့ရ၍ အဆင်ပြေခဲ့ရခြင်းဖြစ်သည်။ ယခုခေတ်လို ကလေးများကို ဖျားယောင်းသွေးဆောင်ပြီး လူကုန်ကူးရောင်းစားသူများနှင့်တွေ့လျှင် အခက်တွေ့ရပေလိမ့်မည်။ မြန်မာတို့၏ ရင်တွင်းရှိ စိတ်စေတနာတွေက တကယ့်ကို ကောင်းကြပါသည်။ မြင့်မြတ်၍ လေးနက်ကြပါသည်။ သူတစ်ပါးကို ကူညီလိုသော စိတ်စေတနာတွေ ပြည့်ဝကြသည်။ သို့သော်လည်း ထိုကူညီဖေးမလိုသော စိတ်စေတနာတွေကို အခွင့်အရေးအဖြစ် မှတ်ယူပြီး လုပ်စားတတ်သူများ၊ စေတနာကို အရောင်ဆိုးတတ်သူများကြောင့် တကယ်အတိ ဒုက္ခရောက်ကြသူများအတွက် ကူညီဖေးမလိုသော စိတ်စေတနာတွေ အားနည်းသွားစေခြင်းက စိတ်မကောင်းစရာပင် ဖြစ်လေသည်။ ဒုက္ခရောက်ချင်ယောင်ဟန်ဆောင်သူများကြောင့် အမှန်တကယ် ဒုက္ခရောက်ကြသူများ အခက်တွေ့ကြရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့၏ ရင်ထဲတွင် အမြစ်တွယ်နေသော ကူညီရိုင်းပင်းတတ်သည့် စိတ်စေတနာတွေကတော့ အစဉ်အမြဲတည်ရှိနေမည်ဖြစ်သည်။ ရေဘေး၊ မီးဘေး၊ လေဘေး စတဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်တွေ့ကြုံလာတဲ့အခါ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အားလုံးဝိုင်းဝန်း၍ ကူညီမှုပေးနေခြင်းတွေက သက်သေပင် ဖြစ်လေတော့သည်။

"ထမင်းစားပြီးရင် ကားဂိတ်တန်းမသွားသေးဘဲ ဗဟုသုတအဖြစ် မြို့ထဲကို လျှောက်လည်လိုက်သေးတာကွ။ ကားထွက်ခါနီးလောက်မှ ကားဂိတ်ကိုသွား။ ဂိတ်ရောက်တော့ ထွက်မယ့်ကားက စက်နှိုးနေပြီ။ ရိုန်ဂျားကြီးတွေဆိုတော့ ကားစက်ကို တော်တော်လေးကြာအောင်နှိုးပြီးတော့ထားတာကွ။ အဲ့ဒီအချိန်ထိ ငါတို့က ကားပေါ်ကို မတက်သေးဘူး။ လိုက်ပါမယ့် ခရီးသည်တွေကတော့ အလျှိုလျှိုတက်ကုန်ကြပြီ။ အဲ့ဒီကားဘီးစလိမ့်ပြီဆိုတော့မှ ကားနောက်မြီး ကယ်ရီယာပေါ် ဟိုဘက် ဒီဘက်တစ်ယောက်စီ ပြေးဆွဲတက်ပြီး ကားစပယ်ယာနဲ့အတူ မုံရွာ…မုံရွာဆိုပြီး အော်လိုက်ခဲ့တာကွ။ ၃၅လမ်း၊ ဘုရားကြီးအနောက် ၄၅ တာ၊ အမရပူရ၊ တောင်မြို့လိုနေရာတွေမှာ ကားဆရာက ကားကိုခဏရပ်ပြီး ခရီးသည် တင်တယ်။ ငါတို့လည်း သူတို့နဲ့အတူ ခရီးသည်ခေါ်၊ လိုက်ပါမယ့် ခရီးသည်တွေရဲ့ အထုပ်အပိုးတွေကို ကားပေါ်ဝိုင်းကူတင်ပေးဆိုတော့ ကားသမားတွေက သဘောကျတယ်ကွ။ ညောင်ပင်ဝန်းရောက်တော့ သူတို့နဲ့အတူ ထမင်းလည်း ကျွေးသေးတယ်ကွ။ လမ်းခရီးမှာ ထမင်းလည်း အဝစားရ၊ ကားခလည်း တစ်ပြားတစ်ချပ်မှ မကုန်ဘဲ ကိုယ့်အရပ် ကိုယ်ပြန်ရောက်ခဲ့ရတာကွ။ တကယ်လည်း ကားသမားများက လမ်းခရီးမှာ အတူသွားလာရင်း ကူညီလုပ်ကိုင်ပေးတတ်သော သူတို့လိုလူတွေကို သဘောကျနှစ်သက်လေ့ရှိကြပါသည်။ အကူအညီပေးလာသူကို ပြန်လည်ကူညီပေးတတ်ကြတာ သဘာဝဖြစ်သည်။ တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာပင်ဖြစ်သည်။ အနည်းစုသော ကားသမားတို့၏ ရိုင်းပြသောအပြုအမူ အပြောအဆိုများကြောင့် ကားသမားတွေက ရိုင်းသည်ဟု အထင်ရှိကြလေသည်။ "ကားက မထွက်သေးဘူးလား"။ ဘယ်အချိန် ရောက်မှာလဲဆိုတဲ့ စကားမျိုးတွေကိုတော့ ကားသမားတို့ နှစ်သက်လေ့မရှိကြပေ။ ကားသမားတို့သည်လည်း မြန်မာပြည်အတွင်းမှာ နေထိုင်သော မြန်မာများဖြစ်ခြင်းကြောင့် စိတ်ရင်း စေတနာကောင်းသူတွေလည်း ရှိကြပါသည်။ ခရီးသွားလာရာတွင် လမ်းစရိတ် အခက်အခဲရှိသော်လည်း ရိုးသားမှု၊ ကြိုးစားမှုက လိုရာခရီးကို ရောက်ရှိနိုင်ပေသည်။ ရိုးသားချင်ယောင်ဟန်ဆောင်ပြီး လုပ်စား၊ လိမ်စားတတ်သူများရှိနေခြင်းက စိတ်ပျက်စရာပင်ဖြစ်သည်။ စိတ်ဓာတ်ညံ့ဖျင်းသူများဖြစ်သည်။

ဆရာဌေးဦးလင်း(ဥပဒေ) ရောက်ရှိလာပြီ ဖြစ်သည်။ ဆရာဌေးဦးလင်းနှင့် စာအုပ်ထုတ်ရန်နှင့် ပတ်သက်သော အကြောင်းအရာတွေကို ပြောဖြစ်ခဲ့ကြသည်။ ထို့နောက် ဆရာဌေးဦးလင်းထံက စာမူကြမ်းများယူ၍ ဆရာ့အား နှုတ်ဆက်ကာ ပြန်ခဲ့သည်။ မန္တလေးမြို့တော်ကြီးက ယာဉ်တွေ အသွားအလာ ရှုပ်ထွေးနေတာကလွဲ၍ အေးချမ်းသာယာလျက်ရှိပေသည်။ မန္တလေးရွှေမြို့တော်ကြီးတွင် တန်ခိုးကြီးဘုရားများ ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြသည်ကလည်း အမှန်ပင်ဖြစ်သည်။ ကုသိုလ်ကောင်းမှုများ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူကြကုန်သော မြတ်ဗုဒ္ဓ၏တပည့်သား သံဃာတော်တို့သည်လည်း ဂန္ထဓူရ၊ ဝိပဿနာဓူရများကို အားထုတ်တော်မူကြကုန်လျက် မန္တလေးမြို့တော်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ယုံကြည်ခြင်း၊ သဒ္ဓါပေးကမ်းလှူဒါန်းခြင်း၊ ဒါနကူညီဖေးမခြင်း၊ မေတ္တာဖြူစင်လှသည့် စေတနာ၊ စွန့်လွှတ်အနစ်နာခံခြင်း စာဂတရားများကို ရင်ဝယ်ပိုက်လျက်ရှိကြသော လူတို့သည်လည်း မန္တလေးမြို့တော်ကြီးတွင် သွားလာလှုပ်ရှား၍ နေထိုင်လျက်ရှိကြလေတော့သည်။

> "ခရီးသည်တွေ ကုန်တွေအပြည့်နှင့် ဖြစ်သည်။ တောင်သာနှင့် ကျောက်ရေအိုးစင်သို့ လိုက်ပါမည့် ခရီးသည်များ ဆိုက်ရောက်လာသော ကားပေါ်သို့ သူ့ထက်ငါဦးအောင် ဖြစ်သလို တွယ်ကပ်ပြီး တက်ကြသည်။ ကားဂိတ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်နေသည်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ စိတ်ထဲမှာ အလိုလိုအားငယ်လာသည်။ ကျောက်ရေအိုးစင်သို့ဆင်းမည့် အဒေါ်ကြီးက ညှိုးငယ်နွမ်းလျနေသော ကျွန်တော့်ကို ကြည့်၍ စိတ်မကောင်း ဖြစ်နေရှာသည်။ သူတို့ ရွာသို့ လိုက်ခဲ့ဖို့ ခေါ်နေသည်။ ကားကလည်း ရှေ့ခရီးအတွက် ဆက်၍ ထွက်လာတော့မည့် ကားစပယ်ယာက ကျွန်တော့် ဆုံးဖြတ်ချက်ကို စောင့်နေသည်။ ၁၁ နှစ်အရွယ် ကလေးငယ်တစ်ယောက်ဖြစ်သော ကျွန်တော့်ကို ကားပေါ်တွင်ရှိသူများက ကရုဏာမျက်ဝန်းများဖြင့် ကြည့်နေကြသည် ...."

သောင်းဆင့်(အိုင်မဒေါင့်)

❖ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်...

❖ သို့မှသာဈေးကွက်အတွင်း ရောင်းအားများ ပိုမိုတိုးတက်လာမည်ဖြစ်...

❖ အရေအတွက်များများ ရောင်းချထုတ်လုပ်နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကရင်ပြည်သူ့ပါတီ(KPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၅

ကရင်ပြည်သူ့ပါတီ(KPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလူ၉၀ တံတားကြမ်းခင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၅

PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများနှင့် မီးရှို့ဖျက်ဆီးခြင်းများစသည့် အဖျက်အမှောင့်လုပ်ငန်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မော်လိုက်မြို့ကို ဆက်သွယ်ထားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်အမျိုးအစား ပလူ၉၀တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက အောက်တိုဘာ ၃၀ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား၏ တောင်ဘက်ခြမ်းကြမ်းခင်း ၁၀ ပေခန့် မီးလောင်ပျက်စီးခဲ့ရာ အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိ**

သို့ဖြစ်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားအများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ပလူ၉၀တံတားကြမ်းခင်းအား အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်၌ အများပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။



PDF **အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး-မော်လိုက်သွား ကားလမ်းပေါ်ရှိ ပလူ၉၀တံတားအား တွေ့မြင်ရစဉ်။**

**သတင်းစဉ်**

၀-၀-၀-၀

## ISPE အမျိုးသမီးအသင်းကစားမည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပွဲစဉ်များ ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၅

၂၀၂၅-၂၆ အာရှအမျိုးသမီးချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ (AFC Women's Champion League 2025-26) အုပ်စု(C)အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အုပ်စု(C)တွင် ISPE အမျိုးသမီးအသင်းသည် တောင်ကိုရီးယားကလပ် Suwon အသင်း၊ ဂျပန်ကလပ် Tokyo Verdy အသင်း၊ မြောက်ကိုရီးယားကလပ် Naegohyang အသင်းတို့နှင့် တစ်အုပ်စုထဲ ကျရောက်နေသည်။

ISPE အမျိုးသမီးအသင်းသည် နိုဝင်ဘာ ၉ ရက်၊ ည ၇ နာရီ သုဝဏ္ဏကွင်းတွင် Suwon အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်၊ ညနေ ၃ နာရီ သုဝဏ္ဏကွင်းတွင် Tokyo Verdy အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက် ၊ ည ၇ နာရီ သုဝဏ္ဏကွင်းတွင် Naegohyang အသင်းနှင့်လည်းကောင်း အသီးသီးကစားရမည်ဖြစ်သည်။




ပြိုင်ပွဲတွင် အုပ်စုသုံးအုပ်စုမှ အုပ်စုပထမ၊ ဒုတိယရရှိသည့် အသင်းနှစ်သင်းသည် ကွားတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည့်အပြင် အကောင်းဆုံးအုပ်စုတတိယနှစ်သင်းသည်လည်း ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် ရိုးရိုးတန်း နှစ်ထောင်ကျပ်နှင့် အထူးတန်း ငါးထောင်ကျပ် သတ်မှတ်ထားသည်။

(NGB)

## ပြိုင်ပွဲစုံ ၈ပွဲဆက် ပေးဂိုးမရှိ နိုင်ပွဲရရှိခဲ့သည့် ၁၉၀၃ ခုနှစ်က စံချိန်ဟောင်းအား အာဆင်နယ်အသင်း လိုက်မီ

လန်ဒန် နိုဝင်ဘာ ၅

အာဆင်နယ်အသင်းသည် ၁၉၀၃ ခုနှစ်က တင်ရှိခဲ့ဖူးသည့် ပြိုင်ပွဲစုံ ၈ပွဲဆက် ပေးဂိုးမရှိ နိုင်ပွဲရရှိသည့် စံချိန်ဟောင်းတစ်ခုအား လိုက်မီခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် ဆလာဗီးယားပရပ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ပြိုင်ပွဲစုံ ၁၀ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ်လည်း ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက "အသင်းအနေနဲ့ အခုလို စံချိန်ဟောင်းတစ်ခုအား လိုက်မီခဲ့လို့ အတိုင်းမသိပျော်ရွှင်ဝမ်းသာမိပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကိုလည်း ယခုလို နိုင်ပွဲတွေရရှိအောင် ဆက်လက်ကြိုးစားပြီး အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းများ ရယူထားနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုအပါအဝင်၊ ချန်ပီယံလိဂ်ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားလျက်ရှိသည်။

**နိုင်ကမ္ဘာ**

